# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၇**

(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum - 2022) သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့ FEFU Campus အတွင်း၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရုရှားနိုင်ငံဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၁* ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


**"တူယှဉ်ခွဲပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(က) ပွဲစဉ်(၂)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်** — ပြည်တွင်းသတင်း စာ - ၁၂

**အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်** — နိုင်ငံတကာသတင်း စာ - ၁၃

**သန့်စင်သောလေရှူရှိုက်ဖို့ လေထုညစ်ညမ်းမှုကို တိုက်ဖျက်စို့** — ဆောင်းပါး စာ - ၂၀

မြန်မာ့အလင်း

# အစွန့်ရှည် မြဲမြံခိုင်ခံ့မည့် မိတ်ဆွေရင်းချာဆက်ဆံရေး

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် လပိုင်းမျှအကြာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးစတင်ခဲ့ရာ မြန်မာ့လွတ်လပ်ရေးကဲ့သို့ပင် ရုရှား-မြန်မာ ဆက်ဆံရေးသည်လည်း ၇၅ နှစ်တာ စိန်ရတုကာလသို့ ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ သမိုင်းမှတ်တမ်းများအရမူ အောက်မြန်မာနိုင်ငံသို့ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့က တိုက်ခိုက်သိမ်းယူခြင်းခံခဲ့ရသည့် မြန်မာဘုရင်က ၁၈၇၃ ခုနှစ်တွင် ရုရှားအင်ပါယာနှင့် သံခင်းတမန်ခင်း ထူထောင်နိုင်ရန် စာချွန်လွှာတစ်ရပ်ကို ရုရှားလူမျိုးခရီးသွားတစ်ဦးထံမှတစ်ဆင့် စိန့်ပီတာစဘတ်သို့ ပေးပို့ခဲ့ခြင်းဖြင့် မိတ်ဆွေဖွဲ့ရန် ကြိုးပမ်းခဲ့ဖူးသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးမားအကျယ်ပြန့်ဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ဥရောပနှင့် အာရှတိုက်တို့ကို ဆက်စပ်တည်ရှိနေသည်။ နိုင်ငံ၏ ဧရိယာအစိတ်အပိုင်းအများစုမှာ အာရှတွင် ရှိနေခြင်းဖြစ်သည်။ ထို့အပြင် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားသည့် အင်အားကြီးနိုင်ငံ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအဖြစ်နှင့် ကမ္ဘာ့ရေးရာတို့တွင် တာဝန်သိသိ၊ သမာသမတ်ရှိရှိ ရပ်တည်နေသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ မျက်မှောက်ကာလ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ဗိုလ်ကျစိုးမိုးလိုမှုနှင့် အုပ်စုဖွဲ့၍ အကျိုးစီးပွားရှာဖွေမှုတို့ကြောင့် ကမ္ဘာ့အခြေအနေမှာ တည်ငြိမ်မှုများ ပျက်ပြားလျက်ရှိသည်။ ကမ္ဘာ့အချက်အချာသည် အာရှသို့ ရွေ့လျားပြောင်းလဲလာသည်နှင့်အမျှ အာရှပစိဖိတ်ဒေသအတွင်း အင်အားပြိုင်ဆိုင်မှု ပြင်းထန်လာခြင်းနှင့်အတူ မြန်မာနိုင်ငံကဲ့သို့သော အဘက်ဘက်က အားနည်းချက်များရှိနေပြီး ပထဝီနိုင်ငံရေးအရ အရေးပါသည့်နေရာတွင် တည်ရှိနေသည့် နိုင်ငံအဖို့ ဘက်ပေါင်းစုံမှ ဖိအားပေးထိုးနှက်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည်ဖြစ်ရာ အင်အားကြီးမိတ်ဆွေနိုင်ငံများ၏ ကူညီမှုက လွန်စွာအရေးကြီးသည်။

(၇)ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက "မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာကို တွေ့မြင်နေရကြောင်း" ထည့်သွင်းပြောကြားခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း "မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ရာ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး၏ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို ထင်ဟပ်လျက်ရှိသည်။

နိုင်ငံအချင်းချင်းဆက်ဆံရာတွင် မိတ်ရင်းဆွေရင်းဆက်ဆံခြင်းဖြင့် အပြန်အလှန်အကျိုးပြုကာ ပူးပေါင်းဆောင်ရွက်ခြင်းက နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမှုနှင့်အတူ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။ နှစ်ပေါင်းရှည်ကြာ မိတ်ဆွေရင်းချာအဖြစ် တည်ရှိနေပြီဖြစ်သော ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည်လည်း အနာဂတ်တွင် အစွန့်ရှည်ကြာသည်နှင့်အမျှ မြဲမြံခိုင်ခံ့စွာ ဆက်လက် တည်တံ့သွားမည်သာဖြစ်ပါကြောင်း။ ။

## မစ္စတာ ဟာရီရှ်ချန်ဒရာဂီမီရေး အား နီပေါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘင်းကေအူးဒက်စ် နေရာတွင် မစ္စတာ ဟာရီရှ်ချန်ဒရာဂီမီရေး အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဟာရီရှ်ချန်ဒရာဂီမီရေးကို နီပေါနိုင်ငံ၊ ကတ္တမန္ဒူးမြို့၌ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် မွေးဖွားခဲ့ပြီးအစိုးရတက္ကသိုလ်ဝင်ခွင့်စာမေးပွဲအား ၁၉၈၅ ခုနှစ်တွင် အောင်မြင်ခဲ့သည်။

၎င်းသည် နီပေါနိုင်ငံ၊ ကတ္တမန္ဒူးမြို့ရှိ ထရီဘူဗမ် (Tribhuvan) တက္ကသိုလ်မှ ၁၉၉၄ ခုနှစ်တွင် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ဥပဒေဘွဲ့ကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဆက်ဆံရေးအထူးပြုဘာသာရပ်ဖြင့် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ကို လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ် အထူးပြုဘာသာရပ်ဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

မစ္စတာ ဟာရီရှ်ချန်ဒရာဂီမီရေးသည် နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၈ ခုနှစ်တွင် စတင်ဝင်ရောက်ကာ ဌာနခွဲရုံး၌လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် လက်ထောက်အတွင်းဝန်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆက်ဆံရေးဌာန၊ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ယင်းကာလတွင်ပင် ပူးတွဲတာဝန်အဖြစ် နီပေါသမ္မတရုံးတွင် ဆက်ဆံရေးအရာရှိအဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဇွန်လမှ ဒီဇင်ဘာလအထိ ကောင်စစ်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ အာရှအလယ်ပိုင်း၊ အာရှအနောက်ပိုင်းနှင့် အာဖရိကဌာနတွင် လက်ထောက်အတွင်းဝန်အဖြစ် လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှစ၍ လက်ရှိကာလအထိ အာရှအလယ်ပိုင်း၊ အာရှအနောက်ပိုင်းနှင့် အာဖရိကဌာန၏ ဌာနအကြီးအကဲ၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ရန်ကုန်မြို့ရှိ နီပေါသံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့ရှိ နီပေါသံရုံးတွင် ပထမအတွင်းဝန်အဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ မေလမှ ၂၀၁၅ ခုနှစ်၊ မေလအထိ ဆော်ဒီအာရေဗျနိုင်ငံ၊ ရီယာ့ဒ်မြို့ရှိ နီပေါသံရုံးတွင် ဒုတိယသံရုံးအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဇွန်လမှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ နီပေါသံရုံးတွင်သံမှူးကြီးအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန် ထမ်းဆောင်ခဲ့ပါသည်။

၎င်းသည် နီပေါဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဟင်ဒီဘာသာ၊ အူရဒူဘာသာ၊ အာရပ်ဘာသာ၊ တရုတ်ဘာသာစကားများကို တတ်မြောက်ပါသည်။ ၎င်းသည် အိမ်ထောင်ရှင်ဖြစ်ပြီး သားတစ်ဦး ရှိသည်။

**သတင်းစဉ်**

## မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ အား ကူဝိတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၈**

မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ကူဝိတ်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ ကို ၁၉၆၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ကူဝိတ်တက္ကသိုလ်မှ ပြည်သူ့စီမံခန့်ခွဲမှုရေးရာ အထူးပြုဘာသာရပ်ဖြင့် နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဆီရီးယားနိုင်ငံရှိ ကူဝိတ်သံရုံးတွင် သံအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အယ်ဂျီးရီးယားနိုင်ငံရှိ ကူဝိတ်သံရုံးတွင် တတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံရှိ ကူဝိတ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဥဇဘက်ကစ္စတန်နိုင်ငံရှိ ကူဝိတ်သံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ စီးပွားရေးဌာနတွင် အကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကနေဒါနိုင်ငံရှိ ကူဝိတ်သံရုံးတွင် သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၉ ခုနှစ်မှစ၍ မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ သည် ပိုလန်နိုင်ငံရှိ ကူဝိတ်သံရုံးတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ သားသမီး (၆) ဦးရှိသည်။

**သတင်းစဉ်**

## စည်းလုံးကြပါအနုပညာဖြင့်

ကြေးကြိုးသားရေ၊ လေလက်ခုပ်ဟု
သရုပ်အမှန်၊ မြန်မာ့ဟန်ကို
ဌာန်မာန်အပြည့်၊ တိတိကျကျ
လှပကြော့ရှင်း၊ အဆင်းတင့်တယ်
ရင်ဝယ်သိမ်းပိုက်
စရိုက်မညှိုး၊ ဂုဏ်ရည်တိုးအောင်
တစ်မျိုးဖော်ထုတ်၊ ပြသရုပ်နှင့်
စိုက်ထုတ်လုံ့လ၊ ပြုခဲ့ကြသည်
မြန်မာ့ရိုးရာအနုပညာ...။

ဆိုဟန်စည်းဝါး၊ ခေါင်း ခါး လက် ခြေ
ညီညွတ်စေလျက်၊ ဤလေးချက်ဖြင့်
ကကွက်ကဟန်၊ သရုပ်မှန်ကို
ထုတ်ပြန်ဖော်ကျူး၊ တို့ကြည်နူးကြ

ဆို၊ က၊ ရေး၊ တီး၊ သည်ခရီးဝယ်
ပေါင်းစည်းညီထား၊ တိုင်းရင်းဖွားတို့
မိသားစုစိတ်၊ ပြည့်သိပ်မပြတ်
ရစ်ပတ်နှလုံး၊ မေတ္တာမှုန်း၍
သီကုံးတေးသံ၊ ငြိမ့်ငြိမ့်လျှံစေ
မျှဝေခံစား၊ ညီညွတ်အားကို
စံထား လှစ်ကျူးကြပါစို့။

-ဂီတပညာ
လေ့လာလိုက်စား၊ စိတ်ခွန်အားဖြင့်
တိုင်းကားပြည်ရွာ စည်ပင်သာအောင်
ညီညာစည်းလုံးကြပါစို့...။

(မကြာမီကျင်းပတော့မည့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးအတွက် ပညာရှင်ရွေးပွဲကျင်းပနေကြသော တိုင်း ခရိုင်အဆင့် အနုပညာရှင်များအား ဂုဏ်ပြုလျက်-)

*ဘိုမျိုး(ရွှေဘို)*

❂ ရှေ့ဖုံးမှ

မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Sergey Lavrov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay A.Listopadov နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်မြောက်မည်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာကို တွေ့မြင်နေရကြောင်း၊ ယခုကဲ့သို့ အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ လာရောက် တက်ရောက်သည့်အတွက်လည်း များစွာကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားသည်။

**နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့်တိုးတက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်သမ္မတကြီး ပြောကြားခဲ့သကဲ့သို့ပင် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ၇၅ နှစ် ပြည့်မြောက်တော့မည်ဖြစ်ပြီး ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ဖြတ်သန်းလာခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်တွင် အနိမ့်အမြင့်မျိုးစုံရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုမှ စတင်ကာ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် သမိုင်းကြောင်းအစဉ်အလာကြီးမားသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်တွင် ရုရှားနိုင်ငံအနေဖြင့် အကျပ်အတည်းများဖြင့် ရင်ဆိုင်ခဲ့ရသည်ဖြစ်သော်လည်း အဆွေတော်သမ္မတကြီး တာဝန်ယူသည့် ဆယ်စုနှစ်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အလွန်တိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပါကြောင်း၊ အဆွေတော်အနေဖြင့် ကမ္ဘာ့အရေးကိစ္စမှန်သမျှကို သမာသမတ်ကျစွာဖြင့် ဆောင်ရွက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် တွေ့မြင်ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ တွေ့ဆုံဆွေးနွေးစဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးတို့အပါအဝင် ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အသေးစိတ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် ခင်မင်ရင်းနှီးစွာ အပြန်အလှန် နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❍ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေးဖိတ်ခေါ်မှုများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးတို့ အပါအဝင် ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အသေးစိတ် အမြင်ချင်းဖလှယ်ဆွေးနွေး**

## မွန်ပြည်နယ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၇**

မွန်ပြည်နယ် ပြည်နယ်အဆင့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မော်လမြိုင် တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၊ မြို့မိမြို့ဖများ၊ ပြည်နယ်သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့သည့် ပြိုင်ပွဲဝင်ဆုရရှိကြသူများအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဗဟိုအဆင့်သို့ ဆက်လက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်း ခေါင်းဆောင်အား အောင်နိုင်ရေးအလံ ပေးအပ်သည်။

အဆိုပါ ပြည်နယ်အဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပလက်ဝ၌ ကိုဗစ် -၁၉ ရောဂါ မဖြစ်ပွားစေရေး အသိပညာပေး

**ပလက်ဝ စက်တင်ဘာ ၇**

ချင်းပြည်နယ် ပလက်ဝမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန် မဖြစ်ပွားစေရေးနှင့် ကာကွယ်တားဆီးရေးအတွက် ပြည်သူလူထုများအားအသိပညာပေးခြင်းနှင့် နှာခေါင်းစည်း ဖြန့်ဝေတပ်ဆင်ပေးခြင်းလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက မြို့မပျံကျဈေးနှင့် မြို့မ အ.ထ.က (၁)ကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းမာနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်တို့က ဦးဆောင်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းကာ မြို့မပျံကျဈေးအတွင်း ဈေးရောင်း/ဝယ်ပြည်သူများအား အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့သည် မြို့မ အ.ထ.က (၁)ကျောင်းအဝင်ဂိတ်၌ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Eastern Economic Forum-2022 ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ ဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Eastern Economic Forum-2022 ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ တက်ရောက်ပါဝင်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)၌ ကျင်းပပြုလုပ်သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(The 7th Eastern Economic Forum–2022)၏ မျက်နှာစုံညီအစည်းအဝေး Plenary Session သို့ ယနေ့ညနေပိုင်းတွင် ပါဝင်တက်ရောက် ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၊ အာမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Luvsannamsrain Oyun–Erdene၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Li Zhanshu တို့နှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးသောင်းဟန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၆၀ ကျော်မှ စီးပွားရေးဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အာရှနှင့် ဥရောပကို ချိတ်ဆက်**

အစည်းအဝေး၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ကိုယ်တိုင်တက်ရောက်၍ ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ယှဉ်ပြိုင်စွမ်းအား တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အထူးစီးပွားရေးဇုန်များ ထူထောင်ထား၍ အာရှနှင့် ပစိဖိတ်ဒေသမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ဆိပ်ကမ်းများကိုဆက်သွယ်ရေးနည်းပညာ အသုံးပြု အဆင့်မြှင့်တင်၍ ကုန်စည်သင်္ဘောများ ချိတ်ဆက်သွားလာနိုင်မည့် ဆိပ်ကမ်းကြီးတစ်ခုပေါ်ပေါက်လာရေး ဆောင်ရွက်နေမှုအခြေအနေများ၊ အာရှနှင့်ဥရောပကို ချိတ်ဆက်ပေးမည့် မြောက်ပိုင်းပင်လယ်လမ်းကြောင်းတစ်ခုဖြစ်ပေါ်လာရေး ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

**ဝယ်ယူတင်သွင်းမှုများ ပြုလုပ်လာ**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"စားနပ် ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် လူသားများအသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန် လိုအပ်သောစွမ်းအင် (Energy) ကို အစားအသောက်များမှ ရရှိခြင်းဖြစ်သည့်အားလျော်စွာ စားနပ်ရိက္ခာလုံခြုံမှုရှိရေး (Food Security) သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်ရှိ လူသားများအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင် ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာလုံခြုံရေး (Food Security) ဆိုသည်မှာ နိုင်ငံတစ်ခုအတွင်း နေထိုင်ရှင်သန်ရပ်တည်လျက်ရှိသည့် သက်ရှိများအားလုံးအတွက် လုံလောက်သော စားနပ်ရိက္ခာထောက်ပံ့ပေးနိုင်ခြင်းပင်ဖြစ်သည်ဟု လွန်ခဲ့သော ဆယ်စုနှစ်များစွာတိုင်အောင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါကြောင်း၊ သို့ရာတွင် ဖွံ့ဖြိုးတိုးတက်လာသော ကုန်သွယ်ရေးလုပ်ငန်းများနှင့်အပြိုင် နိုင်ငံအသီးသီးအလိုက် စားသုံးကုန်များ ထုတ်လုပ်လာရာမှ ယနေ့ခေတ်တွင် အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုမှုသည် ပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ပြည်တွင်း၌ မထုတ်လုပ်နိုင်သည့် စားသုံးကုန်များကို နိုင်ငံတကာဈေးကွက်တွင် ဝယ်ယူတင်သွင်းမှုများ ပြုလုပ်လာကြသဖြင့် ဘဏ္ဍာရေးလုံခြုံမှု (Financial Security) သည် စားနပ်ရိက္ခာလုံခြုံရေး (Food Security)အပေါ် လွှမ်းမိုးလာလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

**ဝိုင်းဝန်းကူညီပေး**

စားနပ်ရိက္ခာလုံခြုံရေး (Food Security) တွင် အဓိကကျသော စိုက်ပျိုးရေးအတွက် လိုအပ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာများအပါအဝင် အထောက်အကူပြုပစ္စည်းများ ရောင်းဝယ်ရာတွင် အချို့နိုင်ငံများသည် ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲပြီး ဖြစ်လာသည့် ဒေါ်လာကို လက်နက်သဖွယ် အသုံးချလျက်ရှိသည့်အတွက် နိုင်ငံငယ်များသည် နိုင်ငံကြီးများ၏ ဒေါ်လာအနိုင်ကျင့်မှုခံနေရပြီး နိုင်ငံရေး၊ စီးပွားရေးကိစ္စရပ်များတွင် နိုင်ငံကြီးများအား လွန်ဆန်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊

*စာမျက်နှာ ၅ သို့*

- **စားနပ်ရိက္ခာလုံခြုံရေး (Food Security)တွင် အဓိကကျသော စိုက်ပျိုးရေးအတွက် လိုအပ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာများအပါအဝင် အထောက်အကူပြုပစ္စည်းများ ရောင်းဝယ်ရာတွင် အချို့နိုင်ငံများသည် ဘဏ္ဍာရေးလုံခြုံမှုနှင့်ယှဉ်တွဲပြီး ဖြစ်လာသည့် ဒေါ်လာကို လက်နက်သဖွယ် အသုံးချလျက်ရှိသည့်အတွက် နိုင်ငံငယ်များသည် နိုင်ငံကြီးများ၏ ဒေါ်လာအနိုင်ကျင့်မှုခံနေရပြီး နိုင်ငံရေး၊ စီးပွားရေးကိစ္စရပ်များတွင် နိုင်ငံကြီးများအား လွန်ဆန်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရ**
- **မိမိတို့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် ရူဘယ်၊ ယွမ်၊ ရူပီး စသည့်ငွေကြေးများအား ဒေါ်လာအစားထိုးအဖြစ် အသုံးပြုသွားနိုင်၊ ထို့အပြင် တိုက်ရိုက်ကုန်စည်ဖလှယ်မှုစနစ် (Barter System)ကိုလည်း ဒေါ်လာအစားထိုးဆောင်ရွက်နိုင်၊ ထိုသို့ ဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံငယ်များအနေဖြင့် ငွေကြေးအနိုင်ကျင့်ခံရမှု အခက်အခဲကို ကျော်လွှားနိုင်မည်**

*စာမျက်နှာ ၄ မှ*

မိမိတို့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် ရူဘယ်၊ ယွမ်၊ ရူပီး စသည့်ငွေကြေးများအား ဒေါ်လာအစားထိုးအဖြစ် အသုံးပြုသွားနိုင်ပါကြောင်း၊ ထို့အပြင် တိုက်ရိုက် ကုန်စည်ဖလှယ်မှုစနစ် (Barter System)ကိုလည်း ဒေါ်လာအစားထိုး ဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံငယ်များအနေဖြင့် ငွေကြေးအနိုင်ကျင့်ခံရမှု အခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ အင်အားကြီး မိတ်ဆွေနိုင်ငံများကလည်း ဝိုင်းဝန်းကူညီပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

### စားနပ်ရိက္ခာရရှိနိုင်မှုတို့ ပြည့်စုံရန်လို

နိုင်ငံတစ်ခုတွင် စားနပ်ရိက္ခာလုံခြုံရေးကို ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ရာ၌ လုံလောက်သော စားနပ်ရိက္ခာပမာဏရရှိနိုင်မှု၊ ဈေးနှုန်းသင့်တင့်သော စားနပ်ရိက္ခာရရှိနိုင်မှုနှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားနပ်ရိက္ခာရရှိနိုင်မှုတို့ ပြည့်စုံရန်လိုအပ်ပါကြောင်း၊ နိုင်ငံတစ်ခုအတွင်း ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်(Demand) မြင့်တက်လာခြင်း၊ စားနပ်ရိက္ခာဈေးနှုန်းအပြောင်းအလဲများရှိခြင်း၊ စိုက်ပျိုးသီးနှံပင် မျိုးစိတ်များ ရှားပါးလာခြင်း သို့မဟုတ် ပျောက်ကွယ်သွားခြင်း၊ ရာသီဥတုပြောင်းလဲမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ရေနှင့်စိုက်ပျိုးမြေ ရှားပါးလာခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် စားနပ်ရိက္ခာပြုန်းတီးမှုနှင့် ဖြုန်းတီးမှုများရှိနေခြင်းတို့ပင် ဖြစ်ပါကြောင်း။

### ဝယ်လိုအားသည် သိသာစွာမြင့်တက်

ကမ္ဘာ့လူဦးရေသည် လွန်ခဲ့သည့်နှစ်များအတွင်း တိုးပွားလာခဲ့ပြီး လူသားများ သက်တမ်းကြာရှည်စွာ ရှင်သန်နေထိုင်နိုင်မှု မြင့်တက်လာခဲ့ရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ သုတေသီများနှင့် ပညာရှင်များကလည်း ကမ္ဘာ့လူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၈ ဒသမ ၅ ဘီလီယံ၊ ၂၀၅၀ ပြည့်နှစ်တွင် ၉ ဒသမ ၇၃ ဘီလီယံနှင့် ၂၁၀၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၄ ဘီလီယံအထိ ရှိမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ လူတိုင်းအတွက် စားရေးသည် နေ့စဉ်လိုအပ်ချက်ဖြစ်သဖြင့် အဓိက




ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် ဆွေးနွေးပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆွေးနွေးမှုနှင့်ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။

မည်ဆိုပါက အဆိုပါနိုင်ငံကို စားနပ်ရိက္ခာပြည့်စုံကုံလုံသောနိုင်ငံအဖြစ် မှတ်ယူနိုင်မည်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခု၏ စားနပ်ရိက္ခာလုံခြုံရေးနှင့် ပတ်သက်၍ အဓိကစိန်ခေါ်နေသည့် အချက်များမှာ လူဦးရေတိုးမြင့်လာခြင်း၊ စားနပ်ရိက္ခာလိုအပ်ချက်ကျပါကြောင်း၊ ဝတ်ရေး၊ နေရေးသည် နေ့စဉ် လိုအပ်ချက်မဟုတ်ပါကြောင်း၊ ထို့ကြောင့် စားရေးကို အဓိကထား ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူဦးရေတိုးမြင့်လာခြင်းနှင့်အတူ စားနပ်ရိက္ခာလိုအပ်မှု (Demand) သည်လည်း အချိုးကျမြင့်တက်လာမည်ဖြစ်ပြီး အထူးသဖြင့် ဆန်၊ ဂျုံ အစရှိသည့် အခြေခံစားကုန်များ၊ ဆီနှင့် ဆီထွက်သီးနှံများ၊ အသားနှင့် အသားထွက်ကုန်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများနှင့် အသီးအနှံများ၏ ဝယ်လိုအားသည်လည်း သိသာစွာ မြင့်တက်လာမည်ဖြစ်ပါကြောင်း။

### အရေးပါသောနေရာမှ ပါဝင်

မိမိတို့ မြန်မာနိုင်ငံတည်ရှိသည့် အရှေ့တောင်အာရှဒေသသည် သဘာဝပထဝီဝင်အရ သမုဒ္ဒရာကြီးနှစ်ခုကို ဆက်သွယ်ပေါင်းကူးပေးရာတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေသည့်အားလျော်စွာ အင်ဒို- ပစိဖိတ်ဒေသကြီးတွင် အရေးပါသောနေရာမှ ပါဝင်နေလျက်ရှိပါကြောင်း၊ ထို့အတူ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN)၏ အဖွဲ့ဝင်နိုင်ငံများသည်လည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာရှိသော နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

### ပမာဏအမြောက်အမြား ထုတ်လုပ်နိုင်

အာဆီယံအဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံ(၁၀)နိုင်ငံပါဝင်ပြီး လူဦးရေစုစုပေါင်း သန်း ၆၆၀ ကျော် မှီတင်းနေထိုင်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း အဓိက စားကုန်များဖြစ်သည့် ဆန်စပါး မက်ထရစ်တန်ချိန် ၁၉၁ သန်းကျော်၊ ပြောင်း မက်ထရစ်တန်ချိန် ၄၅ သန်းကျော်၊ ကြံ မက်ထရစ်တန်ချိန် ၁၄၄ သန်းကျော်နှင့် ပီလောပီနံ မက်ထရစ်တန်ချိန် ၇၉ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အခြေခံစားသောက်ကုန်များအား ပမာဏအမြောက်အမြား ထုတ်လုပ်နိုင်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၂၀၂၀ ပြည့်နှစ်အတွင်း ကုန်သွယ်မှုတန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံနီးပါးရှိခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၅၀ ခန့်သာရှိပြီး အာဆီယံပြင်ပနိုင်ငံများနှင့် ကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၂ ထရီလီယံကျော်သည့်အတွက် အာဆီယံပြင်ပကုန်သွယ်မှုသည် သိသိသာသာ ပိုများသည်ကို တွေ့နိုင်ပါကြောင်း။

*စာမျက်နှာ ၆ သို့*

- **ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက် သတ်မှတ်ထားရှိပြီး လုပ်ကွက် ၈ ကွက်မှာ သဘာဝဓာတ်ငွေ့များတွေ့ရှိတူးဖော်ပြီး ပြည်တွင်း၊ ပြည်ပတင်ပို့ရောင်းချလျက်ရှိ၊ လက်ရှိတွင်လည်း ဘင်္ဂလားပင်လယ်အော်အတွင်း၌ သဘာဝဓာတ်ငွေ့ ၂ ထရီလီယံကုဗပေကျော် တွေ့ရှိခဲ့ပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မည်**
- **အလားတူ ထိုထက်ပိုမိုကြီးမားသည့် ဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်မည့် အလားအလာများလည်းတွေ့ရှိ၊ ထို့ကြောင့် နောင်လာမည့် ၃ နှစ်အတွင်း မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ပါဝင်စားသူများကို ဖိတ်ခေါ်**

*စာမျက်နှာ ၅ မှ*

အာဆီယံဒေသကြီးတွင် အသားတင်စိုက်ပျိုးမြေ စုစုပေါင်းဟက်တာ ၁၃၉ သန်းကျော်ရှိပြီး အဓိက ဆန်စိုက်ပျိုးသည့် နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆန်စိုက်ပျိုးနိုင်မှုသည် ဟက်တာ ၂၃ သန်းကျော်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းမြေအားလုံးတွင် ဆန်စပါးစိုက်ပျိုးမှု ရာသီမရွေးဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**○ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်ကပင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံသည့်အပြင် ပိုလျှံသော စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များအား အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိ၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အခြေခံစားနပ်ရိက္ခာထုတ်လုပ်သည့် ပင်မနိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည့် အစဉ်အလာကောင်းများကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်**

### ဆက်လက်ထိန်းသိမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် အရင်းအမြစ်ကောင်းများဖြစ်သည့် စိုက်ပျိုးမြေနှင့် သဘာဝသစ်တောဧရိယာများ၊ သဘာဝမြစ်ချောင်းအင်းအိုင်များ၊ ပင်လယ်ကမ်းရိုးတန်းများဖြင့် ပြည့်စုံသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း စိုက်ပျိုးမြေ စုစုပေါင်း ဟက်တာ ၁၃ သန်းကျော်ရှိပြီး ဆန်၊ ပဲနှင့် ပြောင်းကို အဓိကတင်ပို့သည့် နိုင်ငံဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်များစွာရှိသည့်အားလျော်စွာ စပါး၊ ပဲမျိုးစုံ၊ ပြောင်းအပြင် နှမ်းနှင့် ဝါသီးနှံတို့ကို အများဆုံး စိုက်ပျိုးလျက်ရှိပါကြောင်း၊ စားနပ်ရိက္ခာလုံခြုံမှု (Food Security) အတွက် ရိက္ခာထုတ်လုပ်ရန်အတွက် မျိုးကောင်းမျိုးသန့်၊ မြေသြဇာ၊ စိုက်ပျိုးရေ၊ စိုက်နည်းစနစ်များ ပြည့်စုံကောင်းမွန်ရန်လိုအပ်ပြီး အဓိကမှာ အပင်များအတွက် မြေသြဇာနှင့် ထွန်ယက် စိုက်ပျိုးရန်အတွက် ဒီဇယ်ဆီလည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိတ်ဆွေနိုင်ငံများမှ ကူညီဖြည့်တင်းပေးနိုင်မည်ဆိုပါက စိုက်ပျိုးထုတ်လုပ်မှုအား ယခုထက် ၂ ဆခန့် တိုးမြှင့်နိုင်မည်ဖြစ်ပြီး စားနပ်ရိက္ခာလုံခြုံမှု (Food Security)အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်ကပင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံသည့်အပြင် ပိုလျှံသော စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များအား အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အခြေခံစားနပ်ရိက္ခာထုတ်လုပ်သည့် ပင်မနိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည့် အစဉ်အလာကောင်းများကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အခွင့်ကြုံခိုက်ပြောကြားလိုပါကြောင်းနှင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက် သတ်မှတ်ထားရှိပြီး လုပ်ကွက် ၈ ကွက်မှာ သဘာဝဓာတ်ငွေ့များ တွေ့ရှိတူးဖော်ပြီး ပြည်တွင်း၊ ပြည်ပတင်ပို့ ရောင်းချလျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်း ဘင်္ဂလားပင်လယ်အော်အတွင်း၌ သဘာဝဓာတ်ငွေ့ ၂ ထရီလီယံကုဗပေကျော် တွေ့ရှိခဲ့ပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မည် ဖြစ်ပါကြောင်း၊ အလားတူ ထိုထက်ပိုမိုကြီးမားသည့် ဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်မည့် အလားအလာများလည်း တွေ့ရှိပါကြောင်း၊ ထို့ကြောင့် နောင်လာမည့် ၃ နှစ်အတွင်း မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ပါဝင်စားသူများကို ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် ရှာဖွေဖော်ထုတ်ခြင်း မပြုရသေးသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များစွာ ကျန်ရှိနေပါသေးကြောင်း၊ အလားတူ ကြေးနီ၊ သံ၊ ခဲမဖြူစသည့် သတ္တုများလည်း ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်သည့် ထုတ်လုပ်မှုလုပ်ငန်းများရှိပါကြောင်း။

မြန်မာနိုင်ငံသည် ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိသကဲ့သို့ အပြန်အလှန်အားဖြင့် ဓာတ်မြေသြဇာ၊ စက်သုံးဆီနှင့် အခြားသော ရေနံထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံမှ တင်သွင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ယခုထက် ပိုမိုတိုးမြှင့်နိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံအတွက် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ယခုဖိုရမ်သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ သတ္တု ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်သုံးဆီသိုလှောင်ကန်နှင့် အခြားအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရော်ဘာအခြေခံ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍများ၊ အထည်ချုပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် အခြား ပြည်ပကုန်သွယ်ရေးအတွက်ကိုလည်း အခွင့်အလမ်းများစွာ ပေးအပ်နိုင်စွမ်းရှိသည်ကို ပြောကြားလိုပါကြောင်း။

ယခုကျင်းပပြုလုပ်သည့် Eastern Economic Forum-2022 ကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များသည်လည်း ယူရေးရှားဒေသတွင်း မိတ်ဖက်နိုင်ငံများအကြား ဆက်ဆံရေးအား ပိုမိုကောင်းမွန်လာစေရန် ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ဒေသတွင်းနိုင်ငံများအကြားတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်နိုင်ငံများ ပြုလုပ်ခြင်းဖြင့် အပြန်အလှန် ထိတွေ့ဆက်ဆံဆက်သွယ်ဆောင်ရွက်မှု လုပ်ငန်းယန္တရားများရှိလာမည်ဖြစ်ကာ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် အရှေ့ပိုင်းဒေသအား အနောက်နိုင်ငံများ၏ လွှမ်းမိုးမှုကိုလည်း တွန်းလှန်နိုင်မည် ဖြစ်ပါကြောင်း၊ အာရှဒေသတွင်းနိုင်ငံများအကြား ကောင်းမွန်ခိုင်မာသော ဆက်ဆံရေးအား တည်ထောင်နိုင်ခြင်းဖြင့် မြောက်ပိုင်းမှ တောင်ပိုင်းသို့ ဆက်သွယ်သော နိုင်ငံတကာသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်ခု (International North South Transport Corridor-INSTC)ကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ ထွန်းကားလာမည်ဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသ၏ ပထဝီနိုင်ငံရေးအရ တည်ငြိမ်မှုရှိရေးကိုလည်း ပို၍ခိုင်မာအားကောင်းလာစေမည် ဖြစ်ပါကြောင်း၊ အာရှဒေသတွင်း အင်အားတောင့်တင်းခိုင်မာသည့် တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် အာဆီယံ၊ BIMSTEC အဖွဲ့တို့အနေဖြင့် ရုရှားနိုင်ငံနှင့် ခိုင်မာသော ဆက်ဆံရေးအား ထူထောင်ခြင်းအားဖြင့် မိမိတို့မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအား ပံ့ပိုးပေးရာရောက်မည်ဟု ယုံကြည်ပါကြောင်း။

### ဦးဆောင်နိုင်သည့် အနေအထားတွင်ရှိနေ

မျက်မှောက်ကာလတွင် အာရှ-ပစိဖိတ်ဒေသသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် သင့်တော်သောဒေသတစ်ခုဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံအဖွဲ့သည်လည်း အာရှ-ပစိဖိတ်ဒေသတွင်း၌ အချက်အချာကျစွာ တည်ရှိနေသည့်အားလျော်စွာ ဒေသတွင်း သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ဦးဆောင်နိုင်သည့် အနေအထားတွင် ရှိနေပါကြောင်း၊ ထို့အပြင် အာဆီယံသည် မျက်မှောက်ကာလတွင် ကမ္ဘာ့အင်အားကြီး နိုင်ငံများ၏ အားပြိုင်မှုအကြားတွင်ရှိနေပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးကဏ္ဍများတွင် အဓိကအခန်းကဏ္ဍ၌ ရှိနေသည့်အပြင် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများသည်လည်း အရှေ့တောင်အာရှဒေသမှတစ်ဆင့် ဖြတ်သန်းဆောင်ရွက်ရလျက်ရှိသဖြင့် အာဆီယံ၏ ဗဟိုချက်မကျမှု (ASEAN Centrality)ကို အထင်အရှား မြင်တွေ့နိုင်ပါကြောင်း။

မိမိသတိပြုမိသည့် အချက်အနေဖြင့် အာဆီယံဒေသမှ ရုရှားနိုင်ငံအလယ်ပိုင်းသို့ အနီးဆုံးကုန်းလမ်းကြောင်း ၁ ခုနှင့် အာဆီယံဒေသမှ တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသနှင့် အလယ်အာရှဒေသတို့ကို ဖြတ်သန်းပြီး ရုရှားနိုင်ငံသို့ ဆက်သွယ်ရေးလမ်းကြောင်း ၁ ခု မဖြစ်မနေ လိုအပ်ပါကြောင်း၊ တရုတ်နိုင်ငံမှ ဆောင်ရွက်နေသည့် Belt and Road Initiative(BRI) နှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ပါကြောင်း၊ အာဆီယံအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သော မိမိတို့မြန်မာနိုင်ငံသည် ပထဝီဝင်မြေအနေအထားအရ အရှေ့တောင်အာရှ၊ တောင်အာရှဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အနောက်ဥရောပနိုင်ငံများနှင့် အာရှအရှေ့ပိုင်းဒေသများသို့ ကူးလူးဆက်သွယ်ရာတွင်လည်းကောင်း အဓိကကျသောနေရာတွင် တည်ရှိနေပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေချောမွေ့စေရေး လိုအပ်သည့် ဥပဒေများပြဋ္ဌာန်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုပါက ထုတ်ကုန်များကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချရာတွင် လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အကျိုးအမြတ်များစွာ ရရှိစေမည်ဖြစ်သည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး (Food Security) အတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရေး ဖိတ်ကြားပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆွေးနွေးမှုနှင့် ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်ကလည်း ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

### ပါဝင်ဆွေးနွေး

ထို့နောက် အာမေးနီးယားနိုင်ငံဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် Mr. Luvsannamsrain Oyun-Erdene၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Li Zhanshu တို့က သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးပြောကြားခဲ့ကြပြီး အရှေ့ဖျားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြရာ အခမ်းအနားမှူးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့က အကြောင်းအရာများ သဘောထားအမြင်များကို ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Narendra Modi၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် H.E. Ismail Sabri Yaakob နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် H.E. Pham Minh Chinh တို့ကလည်း Video Message များပေးပို့၍ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လက်ရှိကမ္ဘာတွင် ဖြစ်ပေါ်နေသည့် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရပ်တည်ချက်များနှင့် ပတ်သက်၍ အခမ်းအနားမှူး၏ သိရှိလိုသည့် မေးမြန်းမှုများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက အကြောင်းအရာတစ်ခုချင်းစီအလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် Mr. Luvsannamsrain Oyun-Erdene၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Li Zhanshu တို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### (၇) ကြိမ်မြောက် ကျင်းပခြင်းဖြစ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်သည် ရုရှားအရှေ့ဖျား၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အာရှ-ပစိဖိတ်ဒေသနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်ပြီး အရှေ့ဖျားစီးပွားရေးဖိုရမ်အား ၂၀၁၅ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၇) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ရုရှား အရှေ့ဖျားဒေသသည် ယူရေးရှားနိုင်ငံများ၏ အရှေ့အစွန်ဆုံးဒေသဖြစ်ပြီး အာရှနိုင်ငံများ၊ အာရှ-ပစိဖိတ်နိုင်ငံများနှင့် ချိတ်ဆက်ရာ၌ ဗဟိုချက်အဖြစ် အသုံးချ၍ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှသည် ကမ္ဘာ့စီးပွားရေးပေါင်းစည်းနိုင်မှုအထိ ဦးတည်ဆောင်ရွက်သွားရန်ရည်ရွယ်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အစပြုဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့စီးပွားရေး မဟာဗျူဟာတစ်ခုလည်းဖြစ်ကြောင်း၊ ဖိုရမ်ကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ကျင်းပခြင်းဖြစ်သည့်အားလျော်စွာ နိုင်ငံအသီးသီးမှ ပါဝင်တက်ရောက်သူများ ရောဂါအန္တရာယ်ကင်းရှင်းစေရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လာရောက်ရာတွင်လည်းကောင်း၊ ဖိုရမ်ကျင်းပရာနေရာနှင့် အရေးကြီးဆွေးနွေးပွဲများသို့ တက်ရောက်ရာတွင်လည်းကောင်း ကျန်းမာရေးဆေးစစ်မှုများ ဆောင်ရွက်ခဲ့ရပြီး ဖိုရမ်ကျင်းပနေစဉ်အတွင်း WHO မှ ချမှတ်ထားသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးကန့်သတ်ချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံပေါင်း ၆၀ ကျော်မှ ကိုယ်စားလှယ်များ၊ သံအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် မီဒီယာများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့တွင် သက်ဆိုင်ရာကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးမှုများ၊ အစည်းအဝေးတက်ရောက်ခြင်းများ ဆောင်ရွက်ကြသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားနိုင်ငံ နိုင်ငံပိုင် အာကာသ ကော်ပိုရေးရှင်း ROS-COSMOS ၏ အကြီးအကဲဖြစ်သူ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ သိပ္ပံနှင့် နည်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လေကြောင်းနှင့် အာကာသနယ်ပယ်ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံ အာကာသနည်းပညာအေဂျင်စီ ROSCOS-MOS အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် ရုရှားနိုင်ငံ နိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း ROSCO-SMOS ၏ အကြီးအကဲဖြစ်သူ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) အတွင်း၌ တွေ့ဆုံ၍ ဘွဲ့လွန်သင်တန်းသားများ စေလွှတ်ရေး၊ ဘွဲ့ကြိုကျောင်းသားများ လက်ခံသင်ကြားပေးရေး၊ ဆေးတက္ကသိုလ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး၊ ဆေးရုံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ကူးစက်မြန် ကပ်ရောဂါထိန်းချုပ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောင်းနေအရွယ်လူငယ်တိုင်း ပညာသင်ကြားနိုင်ရေး မိဘများ၊ ဆရာများနှင့် တာဝန်ရှိသူများအားလုံးက စီမံဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့က တောင်တွင်းကြီးမြို့နယ်နှင့် နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမှူးရုံးတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာနကို ကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်းဒေသကြီး ပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်/ဆက် ဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့်အတူ လူထုအခြေပြုဗဟိုဌာနအတွင်း ခင်းကျင်းပြသ စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲဝင်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ကွန်ပျူတာခန်းမတွင် ဖွင့်လှစ်သင်ကြားပို့ချနေသော ကွန်ပျူတာသင်တန်းကို ကြည့်ရှုအားပေးပြီး ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက်တွင် လာရောက်စာဖတ်လေ့လာနေကြသော ကျောင်းသားလူငယ်များအား တွေ့ဆုံ၍ အသိပညာ ဗဟုသုတ လေ့လာရှာဖွေရေး တိုက်တွန်းအားပေးခဲ့သည်။

နံနက်ပိုင်းက ဒုတိယဝန်ကြီးသည် အောင်လံမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ပညာရေးနှင့်ပတ်သက်သည်များကို ဆွေးနွေးမှာကြားရာ အောင်လံခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးတို့ တက်ရောက်ကြပြီး ဒုတိယဝန်ကြီးက ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများ စာဖတ်နိုင်ရေး အားပေးဆောင်ရွက်ရန် မှာကြားခဲ့သည်။

အလားတူ မွန်းလွဲပိုင်းတွင် နတ်မောက်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ တိုင်းဒေသကြီး ပညာရေးမှူး ဦးသက်လေးဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဇော်၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးတို့နှင့်အတူ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးက အောင်လံမြို့ အ.ထ.က(၁)နှင့် နတ်မောက်မြို့ အ.ထ.က (၁)တို့တွင် ကျောင်းစာကြည့်တိုက်များအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် စာအုပ်စာစောင်များကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ အားကစား လေ့ကျင့်နိုင်ရန် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ လက်ဆောင်ပေးသည့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းနှင့် ကြက်တောင်ရိုက် အားကစားပစ္စည်းများကို လည်းကောင်း လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ယာပုံ)**



ဒုတိယဝန်ကြီးသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာတွင် လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်းတာဝန်ယူကြမည်ဖြစ်၍ အတတ်ပညာ၊ အသိပညာ ပြည့်စုံကြွယ်ဝအောင် ကြိုးစားကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက ပညာရေးကို အလေးထား မြှင့်တင်ပေးလျက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံသားတိုင်း အခြေခံပညာမူလတန်းအဆင့် မသင်မနေရ သတ်မှတ်ချက်ထက် တိုးမြှင့်ပြီး KG +9 အထိ အားလုံးသင်ကြားတတ်မြောက်ရေး ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်မှုများပြားလာပြီး အဆင့်အလိုက် ပညာသင်ကြားသည့် အရေအတွက် နည်းပါးလာနေသည့် ပညာရေးယိုပေါက် မရှိအောင် ကျောင်းနေအရွယ် လူငယ်တိုင်း ကျောင်းနေပညာသင်ကြားနိုင်ရေး မိဘများ၊ ဆရာများနှင့် တာဝန်ရှိသူများအားလုံးက စီမံဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် လမ်းညွှန်မှာကြားသည့်အတိုင်း စာတတ်ရုံ၊ အတန်းအောင်ရုံသာမက ဗဟုသုတ၊ အသိဉာဏ်၊ အတွေးအခေါ်၊ အယူအဆ မြင့်မားမှန်ကန်သည့် ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြရန်နှင့် ပညာတတ်သူ၊ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သူများဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းဖြင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်မည့် ဘက်စုံထူးချွန်သော လူငယ်များဖြစ်အောင် သင်ကြားသင်ယူနိုင်ကြရန် တိုက်တွန်းဆွေးနွေးမှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက လွယ်ပါရင်-မယ်ကြုတ် ကျောက်လမ်းနှင့် ယောင်ခ- လွယ်ပါရင် လမ်းပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ထောက်ပံ့ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းယောင်းမြို့ ဝမ်တပ် ကျေးရွာအုပ်စု တာခွယ်ကျေးရွာတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် နမ့်ဝမ်ချောင်းမှ ဆိုလာစနစ်ဖြင့် ချောင်းရေတင်စိုက်ပျိုးရေးလုပ်ငန်း (Pilot Project)ဖြင့် သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးနေမှု အခြေအနေနှင့် ရရှိလာသည့်ရေအရင်းအမြစ်ကို အသုံးပြု၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တော်ဝင် မိုင်းယောင်း သမဝါယမအသင်းမှ တည်ဆောက်ပြီးစီးခဲ့သော တစ်နေ့တန် ၃၀ ကျ ဆန်စက်ကို လေ့လာကြည့်ရှုပြီး မိုင်းယောင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်၍ ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်းယောင်းမြို့နယ် မုန်းလိုက်-ပါလျှိုးလမ်းပေါ်တွင် မိုင်တိုင်အမှတ် ၁၀ မိုင်တွင် လမ်းတာချဲ့ခြင်းဆောင်ရွက်မည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသော (၁၄/၀) မိုင်အား အပြီးသတ်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းကလည်း မိုင်းပန်မြို့ မြစိမ်းတောင်စေတီတော်ကို တက်ရောက်ဖူးမြော်ကြည်ညို၍ စေတီတော်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်သွားရန်မှာကြားပြီး မိုင်းတုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ကြီးကြပ်ရေးမှူး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။





ယင်းနောက် မိုင်းဆတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများပေးအပ်၍ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာ၊ အိပ်ဆောင်နှင့် တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်စီမံကိန်း လုပ်ငန်းများအနက် တစ်ခုဖြစ်သည့် ဟိုနားကျေးရွာ စိုက်ပျိုးရေတင်ခြင်း လုပ်ငန်းဆောင်ရွက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဆတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများအားတွေ့ဆုံပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သဗ္ဗညုကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုများနှင့် သဗ္ဗညု(မူလွန်) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံများကို လှူဒါန်းထောက်ပံ့ပေးအပ်သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၄ ရက်ကလည်း မိုင်းပန်မြို့ လွိုင်နွဲ့ကျေးရွာရှိ မိုက်ညုကမ္မဋ္ဌာန်းကျောင်းတိုက်သို့သွားရောက်ပြီး ကျောင်းတိုက်အတွင်း သီတင်းသုံးလျက်ရှိသော ကမ္မဋ္ဌာနစရိယဆရာတော်များအား ဖူးမြော်၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကျောင်းဝင်းအတွင်း သောက်သုံးရေရရှိရေးအတွက် အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း၊ အရှည် ပေ ၂၈၀၀ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ပေ (၁၄၀ x ၇၀) ဓမ္မာရုံ တည်ဆောက်နေသည့် အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းပန်မြို့ ကျက်သရေဆောင် မဟာတေဇာဓိပတိ စေတီတော်မြတ်ကြီးကို ဖူးမြော်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းဆောင်ရွက်ပေးလျက်ရှိသော ဆေးသုတ်မွမ်းမံခြင်း၊ ရင်ပြင်တော်ကျောက်ပြားများ လဲလှယ်ခြင်းနှင့် ပေ (၆၀ x ၃၀) RC တစ်ထပ် ဘုန်းတော်ကြီးကျောင်း တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုစီမံကိန်းကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့အား ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း၊ ပေါမှုဘူတာရှိ ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းနှင့် စပ်လျဉ်း၍ လမ်းပိုင်းအသီးသီး အလိုက် တာဝန်ယူဆောင်ရွက်နေမှု၊ လုပ်ကွက်အလိုက် မြေကြီးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ယာဉ်၊ ယန္တရားအသုံးပြုမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ထီးသိမ်ဘူတာအနီး ထည့်သွင်းတည်ဆောက်မည့် အဝိုင်းပတ်ရထားလမ်း တည်ဆောက်နေမှု အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလများအတိုင်း ပြီးစီးရေး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရေး၊ တောင်ပေါ်လမ်းပိုင်း အဆင့်မြှင့်တင်ရာတွင် လုပ်ငန်းခွင်နေရာ အချို့သည် တူးမြေ၊ ဖို့မြေပမာဏများ ပြားစွာလုပ်ကိုင်နေရခြင်းဖြစ်၍ လူနှင့်ယာဉ်၊ ယန္တရားများ ဘေးအန္တရာယ်ကင်းစေရေး ဂရုပြုဆောင်ရွက်ကြရေး၊ တာပေါင်တည်ဆောက်ရေးလုပ်ငန်းပြီးစီးသည်နှင့် ကျောက်ဖြည့်တင်းခြင်း၊ ကွန်ကရစ်ဇလီဖားခင်းခြင်း၊ သံလမ်းခင်းခြင်း စသည့် လုပ်ငန်းများကိုလည်း ဆက်တိုက် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရထားလမ်းစီမံကိန်း လမ်းအူကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့မီးရထား တောင်ကြီးဘူတာရှိ ခရီးသည်များ နားနေဆောင်တွင် တောင်ကြီးမြို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် ချမှတ်အကောင်အထည်ဖော်နေမှု အခြေအနေများကိုရှင်းပြပြီး ဌာနတိုင်း ဝန်ထမ်းလုံခြုံရေး၊ ပစ္စည်းလုံခြုံရေးနှင့် အဆောက်အဦများ လုံခြုံရေးတို့ကို အစဉ်သတိပြုဆောင်ရွက်ကြရေး၊ နိုင်ငံတော်အတွက် အခွန်ငွေနှင့် ဝင်ငွေများ တိုးတက်ရှာဖွေစွမ်းဆောင်ကြရေး၊ ဌာနပိုင်မြေများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးကို တတ်နိုင်သလောက် ဆောင်ရွက်ခြင်းဖြင့် သက်သာချောင်ချိမှု ရှိလာစေရေး၊ မိမိဌာန၏ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းထမ်းဆောင်ကြရေး၊ ဝန်ထမ်းများ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် ဝန်ထမ်းသစ္စာခံဌာန် (၆)ချက်တို့နှင့်အညီ လိုက်နာကျင့်ကြံ တာဝန်ထမ်းဆောင်ကြရေး၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ အန္တရာယ်ကို ထိရောက်စွာ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော သတ်မှတ် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကြရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးဘူတာမှ ဘန်းယဉ်ဘူတာသို့ အမှတ် (၁၅၄)အစုန် လူစီးရထားဖြင့် လိုက်ပါကြမည့် ဒေသခံ ခရီးသည်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးလေဆိပ်သို့ရောက်ရှိရာ ဧည့်ခန်းမတွင် လေဆိပ်တာဝန်ခံက ဟဲဟိုးလေဆိပ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် အနာဂတ်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လေဆိပ် အဆောက်အဦနှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ သန့်ရှင်းသပ်ရပ်မှု ရှိရေးအတွက် အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စစ်ကိုင်းတောင်ရိုးရှိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရအား ဖူးမြော်ကြည်ညို

## စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအား ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း စက်တင်ဘာ ၇** ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီသို့ ရောက်ရှိပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဆရာတော်ကြီးအား ပြည်ထောင်စုဝန်ကြီးက အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်ကြီးအား တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်အနောက်ဘက် ရင်ပြင်တော်တိုးချဲ့၍ အလျား ၁၀၈ ပေ x အနံ ၅၄ ပေ x အမြင့် ၁၈ ပေရှိ ပုညရှင်ဗိမာန်ငယ် တည်ဆောက်မည့် အစီအစဉ်ကို ပုံစံငယ်များနှင့်တကွ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆရာတော်ကြီးက ဩဝါဒစကား မြွက်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သံဝေဇနိယ ဓမ္မာရုံကို သွားရောက်ကြည့်ရှုလေ့လာ ကြည်ညိုကြသည်။ အဆိုပါဓမ္မာရုံအတွင်း သရုပ်ဖော်ပြသထားမှုများနှင့် ပတ်သက်၍ ဒေါက်တာသုန္ဒရက ရှင်းလင်းပြသသည်။ ထိုဓမ္မာရုံ၌ ဗုဒ္ဓ၏ ဖြစ်တော်စဉ် ဖွားပွင့်ဟောစံကို ကိုယ်စားပြု၍ ဓမ္မာရုံ၏ အတွင်း/ အပြင်/ မျက်နှာကြက်ကို မြန်မာ့ပန်း ၁၀ မျိုးဖြင့် ဗုဒ္ဓဖြစ်တော်စဉ်များကို ဖော်ကျူးပြသထားသည်။ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ကျယ်ပြန့်စွာ ဖော်ပြထားပြီး ပြတိုက်သဖွယ် စုစည်းပြသထားသည့် ဓမ္မာရုံကြီးလည်း ဖြစ်သည်။ ယင်းဓမ္မာရုံကို အများပြည်သူများ လာရောက်လေ့လာကြည့်ရှု ကြည်ညိုနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာ ကြည်ညိုကြသည်။ ထို့နောက် စစ်ကိုင်းမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်တွင် ကျင့်ဝတ်သိက္ခာမဲ့သော မီဒီယာအချို့က ပြည်သူများအား တွေးခေါ်မြော်မြင်မှု၊ ခံစားနားလည်မှုများ လွဲမှားစေရန် သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် လူမှုကွန်ရက်ကို အသုံးချ၍ အမုန်းစကားများ၊ သတင်းအမှားများဖြင့် ပြည်သူများအား မှိုင်းတိုက်ဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် လွန်စွာ စိတ်မကောင်း ဖြစ်ရပါကြောင်း။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ သတင်းအချက်အလက်သိပိုင်ခွင့်ကို ဖြည့်ဆည်းနိုင်ရန်နှင့် သတင်းတု သတင်းမှားများ တိုက်ဖျက်နိုင်ရန်အတွက် မီဒီယာနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာအားကိုးဖြင့် အနိုင်ကျင့် ဟန့်တားမှု၊ နှောင့်ယှက်ကန့်သတ်ပိတ်ပင်မှုများကို ကြုံတွေ့နေရပါကြောင်း၊ ယနေ့အချိန်တွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား ငယ်သူကိုသနား ဆိုသည့် ကျင့်ဝတ်စည်းကမ်းများ ပျက်သုဉ်းကာ လူအချင်းချင်း မေတ္တာထားမှုအားနည်းလာသည်ကို တွေ့မြင်ရသည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး သည် ဘာသာ သာသနာ စည်ပင်ထွန်းကားရာ ဒေသကြီးဖြစ်သဖြင့် နယ်မြေအေးချမ်းတည်ငြိမ်စေချင်ပါကြောင်း၊ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နယ်မြေအချို့တွင် မသမာသူအဖျက်သမားများက အပြစ်မဲ့ပြည်သူများကို ခြိမ်းခြောက်ခြင်း၊ မီးရှို့ခြင်း၊ သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်မှုများကို ကျူးလွန်နေကြသည့်အတွက် ဝိုင်းဝန်းပူးပေါင်း ဟန့်တား တိုက်ဖျက်ပေးရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသအခြေအနေနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် မြို့မိမြို့ဖများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ကလေးစာဖတ်ခန်း၊ ပြည်သူ့စာကြည့်တိုက်၊ ပြတိုက်ငယ် (Mini Museum) နှင့် ကွန်ပျူတာသင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးကာ Community Centre ခန်းမ၌ စစ်ကိုင်းခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီးတို့က သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။

# ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူဦးရေ ခုနစ်သန်းခန့်သည် အရွယ်မတိုင်မီသေဆုံးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇** ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် လေ့လာဆန်းစစ်တွေ့ရှိချက်များအရ ကမ္ဘာပေါ်တွင် လေထု ညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူဦးရေ ခုနစ်သန်းခန့်သည် အရွယ်မတိုင်မီ သေဆုံးနေရကြောင်း၊ သေဆုံးမှု၏ ထက်ဝက်ကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆုတ်ကင်ဆာအပါအဝင် အဆုတ်နှင့်ဆိုင်သည့် နာတာရှည်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားပြီး သေဆုံးနေကြကြောင်း ယနေ့ နံနက်ပိုင်းက ကျင်းပသော ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of Clean Air for Blue Skies) အထိမ်းအမှတ် အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးထွန်းအုံ က ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ယခုနှစ်ကျရောက်သည့် **အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့** အထိမ်းအမှတ် ဆောင်ပုဒ်မှာ “လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့” “The Air We Share” ဖြစ်ပြီး လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်နိုင်ရန်၊ လေထုညစ်ညမ်းမှုနှင့် ပတ်သက်ပြီး ပြည်သူများ ပိုမိုသိရှိနားလည်လာစေရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ရန်နှင့် လေထုညစ်ညမ်းမှုကို တုံ့ပြန်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါကြောင်း။

လေထုညစ်ညမ်းမှု ပြဿနာသည် အစဉ်တစိုက်ရေရှည်ဖြေရှင်းဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေး၊ လက်ရှိလေထုအရည်အသွေး အခြေအနေများကို လေ့လာဆန်းစစ်နိုင်ရေးတို့အတွက် ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး / ပြည်နယ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်းကျင်လေထုအရည်အသွေး တိုင်းတာစစ်ဆေးမှုများကို လစဉ်ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အများပြည်သူများလေ့လာ သိရှိနိုင်စေရေးအတွက် နိုင်ငံပိုင်သတင်းစာများတွင် ၂၀၂၂ ခုနှစ် မေလမှစတင်ပြီး လစဉ်ပုံမှန် သတင်းထုတ်ပြန် ပေးလျက်ရှိပါကြောင်း။

လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် သန့်ရှင်းသည့် ပြန်ပြည့်မြဲ စွမ်းအင်အရင်းအမြစ်များကို အသုံးပြုနိုင်သည့် စက်မှုကဏ္ဍများ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသည့် နည်းပညာများ အသုံးပြုခြင်း၊ ပတ်ဝန်းကျင် အရည်အသွေး ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်စေခြင်း၊ အမျိုးသားအဆင့် လေထုအရည်အသွေး စံချိန်စံညွှန်းများ၊ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ မဟာဗျူဟာနှင့် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် **၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of Clean Air for Blue Skies) အထိမ်းအမှတ်** ဗီဒီယိုကိုပြသပြီး တက်ရောက်လာသူများက အထိမ်းအမှတ် ပိုစတာများ ပြသထားမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

အဆိုပါ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ဌာနအသီးသီးမှ ဌာနအကြီးအကဲများ၊ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး / ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ/ တာဝန်ခံအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# “ယဉ်ကျေးမှုပစ္စည်းများ အကာအကွယ်ပေးရေး နိုင်ငံတကာညီလာခံ- ယဉ်ကျေးမှုပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုတားဆီးရေး- အာဆီယံရှုထောင့်” ညီလာခံကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာနမှ ကြီးမှူး၍ “ယဉ်ကျေးမှုပစ္စည်းများ အကာအကွယ်ပေးရေး နိုင်ငံတကာညီလာခံ- ယဉ်ကျေးမှုပစ္စည်းများ တရားမဝင် ရောင်းဝယ်မှု တားဆီးရေး- အာဆီယံရှုထောင့်” “International Conference on Cultural Property Protection: The Prevention of the Illicit Trafficking of Cultural Properties: An ASEAN Perspective" နိုင်ငံတကာ ညီလာခံကို ယနေ့တွင် Video conferencing စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ပထမကဏ္ဍအဖြစ် နိုင်ငံတကာစုံညီအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နံနက် ၈ နာရီတွင် ကျင်းပရာ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ယဉ်ကျေးမှုအမွေအနှစ်ပိုင်ဆိုင်မှုကာကွယ်မြှင့်တင်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို မျှဝေကြပြီး ယဉ်ကျေးမှုအမွေအနှစ်များ တရားမဝင် ရောင်းဝယ်ဖောက်ကားမှု လျှော့ပါးရေးအတွက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ကြသည်။

ဆက်လက်၍ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုမည့် ကြေညာချက်



အကျဉ်းချုပ်(မူကြမ်း)နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ထုတ်ပြန်မည့် Media Statement (မူကြမ်း) တို့အပေါ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး ဒုတိယကဏ္ဍဖြစ်သည့် အာဆီယံ ဝန်ကြီးများအဆင့် အစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများက ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူး နယ်ပယ်များကို ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝပြီး ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်မှု မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် လက်တွဲဆောင်ရွက်သွားရန်၊ ခိုးယူခြင်းသို့မဟုတ် တရားမဝင်တင်ပို့သောယဉ်ကျေးမှုဆိုင်ရာ အရာဝတ္ထုများနှင့် ပတ်သက်သည့် UNIDROIT ကွန်ဗင်းရှင်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ယူနက်စကို အဆင့်တွင်သာမက အာဆီယံအဆင့်တွင်လည်း ပိုမိုပူးပေါင်းပါဝင်လျက် ရှိကြောင်း ပြောကြားသည်။

အဆိုပါ နိုင်ငံတကာညီလာခံအတွင်း ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာနကကြီးမှူး၍ စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ နိုင်ငံတကာ ရှေးဟောင်း ပညာရှင်များဖြင့် ဆွေးနွေးပွဲများ ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင် ဦးဆောင်သော ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများကို လုံခြုံစိတ်ချစွာဖြင့် လွှဲပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများကို လုံခြုံစိတ်ချမှုရှိစွာ လွှဲပို့နိုင်ရေးနှင့် ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်၍ မြန်မာ့စီးပွားရေးဘဏ်၊ အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ကိုယ်စားလှယ်များသည် ထိုင်းနိုင်ငံသို့ စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ သွားရောက်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော အဖွဲ့သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ကိုယ်စားလှယ်များနှင့်အတူ ထိုင်းနိုင်ငံဗဟိုဘဏ်၊ ဘန်ကောက်ဘဏ်၊ ကာစီကွန်းဘဏ်၊ စီယမ်ကော်မာရှယ်ဘဏ်နှင့် ခရွန်ထိုင်းဘဏ် စသည့် အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ငွေလွှဲလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများဖြစ်ကြသည့် TRUE Money, D Money, 2C2P စသည့် ငွေလွှဲလုပ်ငန်းများနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာအလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ငွေလွှဲလုပ်ငန်း လုပ်ကိုင်နေသည့် ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအပြင် မြန်မာလုပ်သား စိစစ်ရေးစခန်းများနှင့် မှတ်ပုံတင်စခန်းများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက် ရှိသော မြန်မာအလုပ်သမား ဦးရေမှာ တရားဝင်စာရင်းများအရ တစ်သန်းကျော်ရှိပြီး တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်နေသူများလည်းရှိကြောင်း၊ မြန်မာလုပ်သားများက ၎င်းတို့၏ မိသားစုများထံ ငွေလွှဲပို့ရာတွင် ထိုင်းနိုင်ငံ ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ အသိအမှတ်ပြုလိုင်စင် ထုတ်ပေးထားခြင်းမရှိသော အဖွဲ့အစည်းများမှတစ်ဆင့် လွှဲပို့ပါက လုံခြုံစိတ်ချမှု နည်းပါးနိုင်သည့်အတွက် လုံခြုံစိတ်ချမှုရှိပြီး ဈေးကွက်ငွေလဲနှုန်းဖြင့် လွယ်ကူလျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် စနစ်တစ်ရပ်ကို ထူထောင်၍ ထိုင်းနိုင်ငံရှိ ဘဏ်များနှင့် မြန်မာနိုင်ငံရှိ ဘဏ်များ၊ ထိုင်းနိုင်ငံရှိ ငွေလွှဲလုပ်ငန်း ဆောင်ရွက်သူများနှင့် မြန်မာနိုင်ငံရှိ ငွေလွှဲလုပ်ငန်း ဆောင်ရွက်သူများ၊ Mobile Financial Service ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပေးပါက လုံခြုံစိတ်ချလွယ်ကူလျင်မြန်စွာဖြင့် လွှဲပို့နိုင်စေရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေး

**မြောင်းမြ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ခရိုင်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက် ၇ နာရီက လူစည်ကားရာ ဈေးများ၊ ကျောင်းများ၊ လမ်းများတွင် နှာခေါင်းစည်းတပ်ဆင်ခြင်း ဆောင်ရွက်ခြင်းနှင့် အသိပညာပေးပြောကြားခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ပြုလုပ်ရခြင်းမှာ လက်ရှိဖြစ်ပွားနေသော ကိုဗစ်- ၁၉ ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်နိုင်ရေးနှင့် ဒေသခံမိဘပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကျောင်းသားကျောင်းသူများ နေအိမ်ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သည့် အလေ့အကျင့်ကောင်းများ ဆက်လက်လိုက်နာကျင့်သုံးစေရေး ရည်ရွယ်၍ဖြစ်ပြီး ခရိုင်နှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့ဖြင့် နှာခေါင်းစည်းများကို (အခမဲ့) ဖြန့်ဝေပေးပြီး အသိပညာပေး ပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**မြောင်းမြခရိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

လာမည့်နှစ်မှသာ ပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ကစားသမားများ လေ့ကျင့်မှုပြည့်ဝစေရန်အတွက် ရိုးရာလှေအားကစားသမားများကို ၂၀၂၁ နှစ်လယ်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်စေလျက်ရှိပြီး ယခုနှစ်ဆန်းပိုင်းက ပြုလုပ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေပြိုင်ပွဲအပြီးတွင် ကစားသမားသစ်များ ထပ်မံအားဖြည့်ရွေးချယ်ခဲ့သည်။

မြန်မာ့ရိုးရာလှေအဖွဲ့သည် လာမည့်နှစ်တွင် အဓိကပြိုင်ပွဲနှစ်ခုယှဉ်ပြိုင်ရမည်ဖြစ်ပြီး မေလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ စက်တင်ဘာတွင် တရုတ်နိုင်ငံ၌ ကျင်းပမည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောင်မြင်မှုရယူနိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိသည်။ **ရဲရင့်လွင်**

◆ *ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို GFA အသင်းကလည်း နိုင်ငံခြားသား ကစားသမားများ အသုံးပြုကာရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သည်။ GFA အသင်းသည် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် အမှတ်လိုနေသဖြင့် ပွဲစကတည်းက ဟံသာဝတီကို ဖိအားပေးကစားခဲ့သည်။

ဟံသာဝတီအသင်းကလည်း တိုက်စစ်အားပြုကစားခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း ဂိုးမသွင်းနိုင်သဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက အနိုင်ဂိုးရရန် ကစားသမားများ အပြောင်းအလဲလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၇၄ မိနစ်တွင် အောင်မိုးထွေး (၁) က အနိုင်ဂိုးသွင်းယူခဲ့သည်။

ယင်းနောက်ပိုင်းတွင် GFA အသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ၁၀ ပွဲကစား ရမှတ် ၁၄ မှတ်၊ GFA အသင်းက ၁၀ ပွဲကစား ရမှတ်ခြောက်မှတ် ရရှိထားသည်။

ပွဲစဉ် (၁၀) နောက်ဆုံးနေ့အဖြစ် စက်တင်ဘာ ၈ ရက် **(ယနေ့)** တွင် အားကာသိပွဲအသင်းနှင့် ဧရာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ- MNL**

# ပဲခူးမြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများ၌ ဒေသခံများ အလုပ်ခန့်ထားနိုင်ရေး ရှင်းလင်းဆွေးနွေး

**ပဲခူး စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့နယ်ရှိ မြန်မာမုဒိတာဖောင်ဒေးရှင်း စက်မှုနယ်မြေအတွင်းရှိ SUDEY အထည်ချုပ်စက်ရုံ၊ SPC Adidas ဖိနပ်စက်ရုံ (ယာပုံ) နှင့် Pungkook Myanmar အိတ်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံများသို့ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသခံများ အလုပ်ခန့်ထားနိုင်ရေးနှင့် စက်ရုံ၏ အနာဂတ် ရည်မှန်းချက်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ရုံများအတွင်း ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ Booster ထပ်မံထိုးနှံနိုင်ရေး၊ လုပ်ငန်းချိန်အတွင်း လျှပ်စစ်မီး အချိန်ပြည့် ရရှိနိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးတက္ကသိုလ်အနီး အနောက်ဘက် မြို့ရှောင်လမ်းဆုံ၌ ဆောင်ရွက်လျက်ရှိသော ဘုရင့်နောင်ရင်ပြင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး Land Scaping Design များ ခေတ်နှင့်အညီ ဖြစ်စေရေး တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ် စောင်းတန်းအတွင်း ရွှေ့လျားစက်လှေကား တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သံလွင်မြစ်ကူး (ကွမ်းလုံ) တံတားသစ် အရန်တံတားလွှဲပြောင်း

**နေပြည်တော် စက်တင်ဘာ ၇**

သံလွင်မြစ်ကူး ကွမ်းလုံတံတားသစ် တည်ဆောက်နေစဉ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရန်အတွက် အရန်တံတားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချမ်းမြို့ပြည်သူ့အစိုးရမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါတံတားသည် အရှည် ၁၅၅ မီတာ၊ တံတားခံနိုင်ဝန် တန် ၅၀ ရှိပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။



အဆိုပါ အရန်တံတား လွှဲပြောင်းလက်ခံရေး အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပခဲ့ပြီး အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ကွမ်းလုံတံတားသစ် တည်ဆောက်ပြီးစီးသွားပါက နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့မည်ဖြစ်သည့်အပြင် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လတ်တလောကာလတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဘေးကင်းလုံခြုံရေး၊ ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စေရေးနှင့် နှစ်နိုင်ငံဒေသတွင်းရှိ ပြည်သူများလူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ကွမ်းလုံတံတားသစ်၏ အရန်တံတား လွှဲပြောင်းပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် လင်ချမ်းမြို့ ပြည်သူ့အစိုးရအဖွဲ့မှ ကော်မတီအတွင်းရေးမှူး Mr.ZHANG ZHIZHENG၊ ကူမင်းမြို့ရှိမြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဦးသော်တာအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန သံမှူး Mr. TAN SHUFU တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် လင်ချမ်းမြို့ ပို့ဆောင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး Mr. ZI XINJUN က ကွမ်းလုံတံတားစီမံကိန်း အရည်အသွေးစစ်ဆေးသည့် အစီရင်ခံစာနှင့် ကွမ်းလုံအရန်တံတားစီမံကိန်း စစ်ဆေးရေးဆိုင်ရာ အစီရင်ခံစာကို ဖတ်ကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို၊ ညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်၊ ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးတို့နှင့် လင်ချမ်းမြို့ပြည်သူ့အစိုးရအဖွဲ့မှ Mr.GUO YUNYUN၊ Mr. SHEN XIUQIANG၊ Mr. ZI XINJUN နှင့် Mr. WANG SHIHONG တို့က ကွမ်းလုံအရန်တံတား ပြီးစီးမှုနှင့်ပတ်သက်၍ ပူးတွဲစစ်ဆေးမှုဆိုင်ရာမှတ်တမ်းကို လက်မှတ်ရေးထိုးကြပြီး လင်ချမ်းမြို့ အစိုးရအမှုဆောင် ဒုတိယမြို့တော်ဝန်က အမှာစကားပြောကြားကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

စစ်ဆေးရေးအဖွဲ့က ဘုရားကြီး ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ စားသောက်ကုန်များ၊ Wifi စက်များ၊ ကွန်ပျူတာနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၂၃၅၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း ၊ စက်တင်ဘာ ၇ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောအဖွဲ့က သာယာဝတီမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၇၂/ ၆ ဖာလုံအနီး၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၃၆၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၃၇၆၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၉၁၀၉၂၆၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း Super Anbo အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်နှင့် အိမ်မဲမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၃ ဒသမ ၀၂၀၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၆၀၃၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသားနှင့် ပိတောက်ခွဲသား ၂၉ ဒသမ ၀၂၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၅၅၅၇၆)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၁၅၅၅၇၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၇ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဥတ္တရသီရိမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သောအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၉)၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၂၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၈၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေး စခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် ဖိနပ် အစုံ ၈၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ချင်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းနာရီစင်လမ်းဆုံအနီးတွင် Nissan X-Trail အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၄၇၆၆၇၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၁၅ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၀ | ၂၄၈၅ | ၂၄၇၀ | ၂၄၅၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၇၂၀ | ၃၁၆၀ |
| 95 Ron | ၂၅၂၀ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၆၅ | ၂၅၉၀ | ၂၅၇၅ | ၂၅၅၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၀ | ၂၆၀၅ | ၂၆၀၅ | ၂၈၂၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၉၉၅ | ၃၀၄၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၅ | ၃၁၄၀ | ၃၁၃၅ | ၃၀၃၅ | ၃၀၄၅ | ၃၀၇၅ | ၃၀၇၅ | ၃၀၈၀ | ၃၃၀၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၀၈၀ | ၃၁၂၅ | ၃၁၂၅ | ၃၀၉၀ | ၃၁၂၅ | ၃၁၅၀ | ၃၁၄၅ | ၃၁၁၀ | ၃၂၂၅ | ၃၂၂၀ | ၃၁၂၀ | ၃၁၃၀ | ၃၁၆၀ | ၃၁၆၀ | ၃၁၆၅ | ၃၃၈၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၀၈၀ | ၃၁၂၅ | ၃၁၂၅ | ၃၀၉၀ | ၃၁၂၅ | ၃၁၅၀ | ၃၁၄၅ | ၃၁၁၀ | ၃၂၂၅ | ၃၂၂၀ | ၃၁၂၀ | ၃၁၃၀ | ၃၁၆၀ | ၃၁၆၀ | ၃၁၆၅ | ၃၃၈၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၀၇ | ၂၃၈၇ |
| 95 Ron | ၂၄၀၇ | ၂၄၈၉ |
| HSD (500 ppm) | ၂၈၇၀ | ၂၉၅၇ |
| HSD (50 ppm) | ၂၉၅၀ | ၃၀၃၉ |
| HSD (10 ppm) | ၂၉၅၀ | ၃၀၃၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(က) ပွဲစဉ်(၂)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် စက်တင်ဘာ ၇

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ်(၁၈)ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။**

အဆိုပါပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အပတ်စဉ် သောကြာနေ့ညများတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးပြသမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနဲ့ သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ပြိုင်ပွဲ၏ ပထမဆင့် (Level -1) အုပ်စု(က)ပွဲစဉ်(၂)ကို စက်တင်ဘာ ၉ ရက်နေ့ သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကယားပြည်နယ်မှ ထက်ထက်ဝေ၊ ဧရာဝတီတိုင်းဒေသကြီးမှ လှလှမိုး၊ မကွေးတိုင်းဒေသကြီးမှ လပြည့်ထွန်း၊ နေပြည်တော်မှ နုဝင်းအေး၊ ကရင်ပြည်နယ်မှ ချမ်းလေး၊ ပဲခူးတိုင်းဒေသကြီးမှ လှျှမ်းထက်ကို၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး၊ မန္တလေးတိုင်းဒေသကြီးမှ အောင်သက်ပိုင်မှူးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ စုစုထွေး၊ စုစုပေါင်းပြိုင်ပွဲဝင် ကိုးဦးတို့၏ စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြားခွဲ ဆက်လက်ပြသမည်

နေပြည်တော် စက်တင်ဘာ ၇

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဓာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် အသောကံ (စိုးရိမ်ကြောင့်ကြမှု မရှိခြင်း)နှင့် အနဝဇ္ဇာနိ ကမ္မာနိ (အပြစ်မရှိသော အမှုကိုပြုခြင်း) အစီအစဉ်ကို စက်တင်ဘာ ၁၀ ရက် စနေနေ့ ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နက္ခတ်၊ ရန်ရှင်းမောင်၊ ထက်မြတ်အောင်၊ ဓာတ်လင်း၊ ဖွေးဖွေး၊ သီဂီဝင့်ထက်၊ ပန်းကဗျာနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၁၄ ရက် ဗုဒ္ဓဟူးနေ့နှင့် စက်တင်ဘာ ၁၅ ရက် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ သတင်းအပြီး၌ ယင်းအစီအစဉ်များကို တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




နေပြည်တော် စက်တင်ဘာ ၇

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၂)ကို စက်တင်ဘာ ၉ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရ နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ ၉၊ ၁၀ ရက်နှင့် ၁၁ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့ ဥဇဘတ်ကစ္စတန်၌ တွေ့ဆုံမည်ဟု သတင်းများထွက်ပေါ်

မော်စကို စက်တင်ဘာ ၇

**ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် လာမည့် သီတင်းပတ်၌ ဥဇဘတ်ကစ္စတန်နိုင်ငံတွင် တွေ့ဆုံမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက ပြောခဲ့သည်။**

နှစ်နိုင်ငံခေါင်းဆောင်များသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ သီးသန့်ဆွေးနွေးပွဲ၌ တွေ့ဆုံမည်ဖြစ်ကြောင်း သံအမတ်ကြီး အန်ဒရူးဒန်နီဆော့ဗ်၏ ပြောကြားချက်ကို ရုရှားနိုင်ငံပိုင်သတင်းစာဖြစ်သည့် တက်စ်သတင်းအေဂျင်စီက စက်တင်ဘာ ၇ ရက်က ကိုးကားဖော်ပြခဲ့သည်။ ခေါင်းဆောင်နှစ်ဦး၏တွေ့ဆုံမှုကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင်စီစဉ်ထားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်နင်က ၎င်းတွင် မည်သည့် သတင်းအချက်အလက်မျှ မရှိဟုဆိုကာ အဆိုပါဖော်ပြချက်ကို အတည်ပြုရန် ငြင်းဆန်ထားသည်။

စက်တင်ဘာ ၅ ရက်က ကာဇက်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တရုတ်သမ္မတသည် စက်တင်ဘာ ၁၄ ရက်တွင် ဥဇဘတ်ကစ္စတန်၏အိမ်နီးချင်း နိုင်ငံဖြစ်သော ကာဇက်စတန်သို့ တရားဝင်လာရောက်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အကယ်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် နိုင်ငံရပ်ခြားသို့ ခရီးသွားမည်ဆိုပါက အဆိုပါ ခရီးစဉ်သည် ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက် နိုင်ငံခြားတိုင်းပြည်တစ်ခုသို့သွားမည့် ၎င်း၏ ပထမဆုံးခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

ရုရှားသမ္မတရုံးကလည်း ရုရှားသမ္မတ ပူတင်သည် ဥဇဘတ်ကစ္စတန်တွင် ကျင်းပမည့် အက်စ်စီအိုအစည်းအဝေးသို့ သွားရောက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ခေါင်းဆောင်နှစ်ဦးသည် လွန်ခဲ့သော ဖေဖော်ဝါရီ ၄ ရက်က လူကိုယ်တိုင် နောက်ဆုံးတွေ့ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်  တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကို အစည်းအဝေးတစ်ခု၌ တွေ့ရစဉ်။

# လောင်စာဆီဈေးနှုန်းမြှင့်မည့် အစိုးရ၏ဆုံးဖြတ်ချက်အပေါ် အင်ဒိုနီးရှားပြည်သူတစ်ရပ်လုံး ကန့်ကွက်ဆန္ဒပြ

ဂျကာတာ စက်တင်ဘာ ၇

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ပြည်သူများသည် လောင်စာဆီဈေးနှုန်းမြှင့်တင်မည့် အစိုးရ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ဆန္ဒပြလျက်ရှိသည်။

ထောင်ပေါင်းများစွာသော အလုပ်သမား၊ တက္ကသိုလ်ကျောင်းသားများသည် ဂျကာတာနှင့် တခြားမြို့များတွင် တနင်္လာနေ့ကတည်းက ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများသည် လောင်စာဆီဈေးနှုန်းများကို ၃၀ ရာခိုင်နှုန်းအထိမြှင့်တင်ရန် စနေနေ့က ကြေညာခဲ့သော ဆုံးဖြတ်ချက်ကို ဖျက်သိမ်းရန် အစိုးရကို တောင်းဆိုခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်၊ ငွေကြေး ဖောင်းပွမှုများ မြင့်တက်နေချိန်တွင် အစိုးရက ယခုလို လောင်စာဆီဈေးနှုန်းများ မြှင့်တင်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

လောင်စာဆီဈေးနှုန်းများ မြင့်တက်နေသော်လည်း ကားများနှင့် မော်တော်ဆိုင်ကယ်များသည် ဂျကာတာရှိ ဆီဆိုင်တွင် တန်းစီစောင့်ဆိုင်းလျက်ရှိသည်။ တချို့ပြည်သူများက ထပ်ဆောင်းဝန်ထုပ်ဝန်ပိုးများသည် စိတ်ပျက်ဖွယ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

လောင်စာဆီဈေးနှုန်း မြင့်တက်မှုကြောင့် တခြားကဏ္ဍများတွင်လည်း ရိုက်ခတ်မှုများရှိကြောင်း အသက် ၃၀ ဝန်းကျင်အမျိုးသားတစ်ဦးက ပြောခဲ့သည်။



လောင်စာဆီဈေးနှုန်းမြှင့်တက်သည့်အပေါ် ဆန္ဒပြနေသူများကို တွေ့ရစဉ်။

ချမ်းသာကြွယ်ဝသူများကို အကျိုးဖြစ်ထွန်းစေမည့် ကြီးထွားလာသည့် ငွေကြေးထောက်ပံ့မှုများကို ထိန်းချုပ်ရန် ယခုလို တိုးမြှင့်မှုလိုအပ်ကြောင်း သမ္မတ ဂျိုကို ဝီဒိုဒိုက စနေနေ့က ရုပ်မြင်သံကြားတွင် ပြောကြားခဲ့သည်။ ထို့အပြင် စုဆောင်းမှုအချို့ကို အမှန်တကယ်လိုအပ်လျက်ရှိသူများကို ကူညီရန် လူမှုရေးဆိုင်ရာ အကူအညီ အထောက်အပံ့များအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဆင်းရဲနွမ်းပါးသူများကို ထောက်ပံ့ငွေများ ထောက်ပံ့ရန် နိုင်ငံတော်ဘဏ္ဍာငွေကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်း ဂျိုကိုက ပြောသည်။ ယခုလိုအချိန်တွင် အစိုးရသည် ခက်ခဲသော အခြေအနေအရပ်ရပ်အောက်တွင် ဆုံးဖြတ်လုပ်ကိုင်နေရကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်

ဝါရှင်တန် စက်တင်ဘာ ၇

အမေရိကန်ပြည်ထောင်စုတွင် ယခုအချိန်အထိ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၂၀၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (စီဒီစီ) ၏ သတင်းအချက်အလက်များအရ သိရသည်။

အင်္ဂါနေ့အထိ နိုင်ငံတစ်ဝန်း မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ ၂၀၇၃၃ ဦးရှိခဲ့ကြောင်း စီဒီစီအချက်အလက်များတွင် ဖော်ပြထားသည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် အဆိုးဆုံးဖြစ်ပြီး စုစုပေါင်း မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ ၃၈၃၃ ဦးရှိခဲ့ပြီး နယူးယောက်တွင် ၃၅၂၆ ဦး၊ ဖလော်ရီဒါတွင် ၂၁၂၆ ဦးရှိကြောင်း စီဒီစီအချက်အလက်များတွင် ဖော်ပြသည်။

ယခုအချိန်အထိ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုအပေါ် အရေးယူတုံ့ပြန်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဘိုင်ဒင်အစိုးရသည် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

**ဆင်ဟွာ**





နယူးယောက်ရှိမျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနေရာတစ်ခုကို တွေ့ရစဉ်။

# ကယ်လီဖိုးနီးယားတောင်ပိုင်းတောမီးကြောင့် လူနှစ်ဦးသေဆုံး

ကယ်လီဖိုးနီးယား စက်တင်ဘာ ၇

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် တောမီးအကြီးအကျယ် လောင်ကျွမ်းခဲ့ရာ အင်္ဂါနေ့နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း သေဆုံးသူနှစ်ဦး ရှိခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောသည်။ တောမီးလောင်ကျွမ်းမှုသည် ၉ ဒသမ ၇၁ စတုရန်းကီလိုမီတာ ဧက ၂၄၀၀ ကျော်အထိ ရောက်ရှိလာပြီဖြစ်သည်။



မီးသတ်သမားများ တောမီးလောင်ကျွမ်းမှုကို ငြှိမ်းသတ်နေကြစဉ်။

အပူလှိုင်းဖြတ်သန်းနေချိန် တောမီးလောင်မှုသည် ရေဗာဆိုက်ခရိုင် ဟဲမက်မြို့အနီးတွင် တနင်္လာနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ တောမီးလောင်ကျွမ်းမှုကို ၅ ရာခိုင်နှုန်းသာ ထိန်းသိမ်းနိုင်သေးကြောင်း သိရပြီး ဘေးလွတ်ရာသို့ပြောင်းရွှေ့ရေးအမိန့်များနှင့် သတိပေးချက်များ ဆက်လက်ထုတ်ပြန်ထားရကြောင်း ရေဗာဆိုက်ခရိုင်မီးသတ်ဌာနက ထုတ်ပြန်သောသတင်းအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် အခြေခံအဆောက်အအုံ ခုနစ်လုံးထက်မနည်း လောင်ကျွမ်းခဲ့ပြီး အများအပြား ပျက်စီးခဲ့သည်။ တောမီးကြောင့် အဆိုပါဒေသအတွင်းရှိ အဆောက်အအုံပေါင်း ထောင်ပေါင်းများစွာ ပျက်စီးမည့်ဘေးနှင့် ရင်ဆိုင်နေရသည်။ တောမီးကြောင့် ဟဲမက်ကျောင်းကို အင်္ဂါနေ့က ပိတ်ခဲ့ရသည်။

**ဆင်ဟွာ**

# စီချွမ်းငလျင်ကြောင့် သေဆုံးသူ ၇၄ ဦးအထိ ရှိလာ

စီချွမ်း စက်တင်ဘာ ၇

တနင်္လာနေ့က တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်းပြည်နယ် လူဒင်စီရင်စုတွင် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခဲ့ပြီးနောက် သေဆုံးသူ ၇၄ ဦးအထိရှိလာပြီဖြစ်ပြီး ၂၆ ဦးဆက်လက်ပျောက်ဆုံးလျက်ရှိကြောင်း ဒေသအာဏာပိုင်များက စက်တင်ဘာ ၇ ရက်က ပြောကြားလိုက်သည်။

ဂန်ဇီတိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကယ်ဆယ်ရေးဌာနချုပ်က အင်္ဂါနေ့ ည ၉ နာရီအထိ ဂန်ဇီဒေသတွင် လူ ၄၀ သေဆုံးခဲ့ပြီး ၁၄ ဦး ပျောက်ဆုံးခဲ့ကာ ၁၇၀ ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။

ယာအန်မြို့တွင်၃၄ဦးသေဆုံးခဲ့ပြီး၁၂ဦးဆက်လက်ပျောက်ဆုံးလျက်ရှိကာ ၈၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြို့တော်အရေးပေါ်စီမံခန့်ခွဲမှုဗျူရိုက ပြောသည်။

**ဆင်ဟွာ**

# လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

**ဒေါက်တာတင်အောင်ဝင်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)**

*(ယမန်နေ့မှအဆက်)*

အဆိုပါ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များ၊ နိုင်ငံတကာသဘောတူညီချက်များအပေါ် အခြေခံပြီး လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကဏ္ဍအသီးသီးတွင် ပေါင်းစပ်အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းပြီး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးတွင် အောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်–

- စက်မှုလုပ်ငန်းများ အပါအဝင် လုပ်ငန်းကဏ္ဍအသီးသီးမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးက လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊
- စွန့်ပစ်ပစ္စည်းများကို ရေရှည်စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) ပါ ကာလတို၊ ကြားကာလ၊ ကာလရှည်များအတွက် ချမှတ်ထားသော ရည်မှန်းချက်များပါ လုပ်ငန်းများကို အကောင်အထည်ဖော်ပြီး မျှော်မှန်းထားသော ပန်းတိုင်များ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး / ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပြီး ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး/ ပြည်နယ် / ခရိုင် / မြို့နယ်အဆင့်များအထိ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ၂၀၀၃ ခုနှစ် မတ် ၅ ရက်တွင် မြန်မာနိုင်ငံက သဘောတူအတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution–AATHP) အရ တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Hotspot အရေအတွက် လျှော့ချနိုင်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် တိုင်းဒေသကြီး / ပြည်နယ် များတွင် လုပ်ငန်းစီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍများတွင် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များအရ ၂၀၃၀ ပြည့်နှစ်အထိ ဆောင်ရွက်သွားမည့် ရည်မှန်းချက်များ ချမှတ်ပြီး သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာစစ်ဆေးမှုများကို လစဉ်ပုံမှန်ဆောင်ရွက်ပြီး မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ၂၀၂၂ ခုနှစ် မေလမှစတင်၍ လစဉ်ပုံမှန်သတင်းထုတ်ပြန်ခြင်း။

**“လေထုညစ်ညမ်းမှုသည် နယ်စပ်ဖြတ်ကျော် ရောက်ရှိပြီး ညစ်ညမ်းမှုဖြစ်စေနိုင်သော သဘော သဘာဝရှိသည့်အပြင် ကျွန်ုပ်တို့ လူသားတိုင်း၊ သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍတိုင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းနှင့် သက်ဆိုင်နေသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်းအလိုက်၊ သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍအလိုက်၊ နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှု များမှတစ်ဆင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြမှ သာ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်ပြီး ဖြေရှင်းဆောင်ရွက်နိုင်မည်”**



### လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု

ကျွန်ုပ်တို့ လူသားတိုင်း နေ့စဉ်ကျန်းမာစွာ အသက်ရှင်သန်နိုင်ရေးအတွက် အဓိကကျလှသော အခြေခံလိုအပ်ချက်များတွင် သန့်ရှင်းသောလေကို ရှူရှိုက်ခွင့်ရရှိရေးသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လေထုကို ညစ်ညမ်းစေမှုသည် လူသားတိုင်း၏ ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရေးကို ထိခိုက်စေမှု၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမှုနှင့် ကျွန်ုပ်တို့ အနာဂတ်မျိုးဆက်များ၏ အကျိုးကို ထိခိုက်စေမှုပင်ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုသည် နယ်စပ်ဖြတ်ကျော် ရောက်ရှိပြီး ညစ်ညမ်းမှုဖြစ်စေနိုင်သော သဘောသဘာဝရှိသည့်အပြင် ကျွန်ုပ်တို့ လူသားတိုင်း၊ သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍတိုင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းနှင့်သက်ဆိုင်နေသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့တစ်ဦးတစ်ယောက်ချင်းအလိုက်၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက်၊ နိုင်ငံအလိုက် ကြိုးပမ်း အားထုတ်မှုများမှတစ်ဆင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြမှသာ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်ပြီး ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အကြံပြုချက်များ

လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် တစ်ဦးတစ်ယောက်ချင်း၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန် အကြံပြုလိုသည့် နည်းလမ်းများမှာ–

- နေအိမ်များတွင် နေ့စဉ်ချက်ပြုတ်မှုများအတွက် လေထုအရည်အသွေးကို ထိခိုက်မှု အနည်းဆုံးဖြစ်စေနိုင်သည့် နည်းလမ်းများကို အသုံးပြုခြင်း၊
- မော်တော်ယာဉ်အသုံးပြုမှုကို အတတ်နိုင်ဆုံးလျှော့ချခြင်း၊
- စွန့်ပစ်ပစ္စည်းများကို လေဟာပြင်တွင် မီးရှို့ဖျက်ဆီးမှုများကို ရှောင်ရှားခြင်း၊
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသည့် နည်းပညာများ အသုံးပြုခြင်း၊
- လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေနိုင်သည့် စက်မှုကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်း၊
- ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊
- လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေနိုင်သော သန့်ရှင်းသည့် စွမ်းအင်ရရှိအောင် ဆောင်ရွက်ခြင်း၊
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊
- ပတ်ဝန်းကျင်အရည်အသွေးဆန်းစစ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း၊
- နိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် လက်ရှိဖြစ်ပေါ်နေသည့် လေထုအရည်အသွေးကို သိရှိနိုင်ရေးနှင့် လေထုအရည်အသွေးဆိုင်ရာ အခြေခံအချက်အလက်များ ရရှိနိုင်ရေးအတွက် လေထုအရည်အသွေးကို စဉ်ဆက်မပြတ်စောင့်ကြည့်တိုင်းတာစစ်ဆေးပြီး လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခြင်း၊
- လေ့လာဆန်းစစ်ပြီး ရရှိလာသည့် လေထုအရည်အသွေးဆိုင်ရာ အခြေခံအချက်အလက်များအပေါ် အခြေခံကာ လေထုအရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းခြင်း၊
- သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လေထုအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း။

ကျွန်ုပ်တို့ လူသားတိုင်း သက်ရှည်ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်သန့်ရှင်းနေအောင် ထိန်းသိမ်းဆောင်ရွက်ပြီး ကျွန်ုပ်တို့ လူသားများ၏ ကျန်းမာကြံ့ခိုင်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ကို မျှော်မှန်းလျက် ကျွန်ုပ်တို့အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် အလေးအနက်ထား ရည်မှန်းပြီး **“လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့”** ဟု တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ရောက်ရှိသော **အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of Clean Air for Blue Skies)** အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၃ ဦး အနက် ၂၀၉ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၂၇ ရာခိုင်နှုန်းရှိ

**(၇-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများအောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာ ဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင် နှုန်းမှာ (၂.၂၇) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂၃) ဦးအနက် (၁၄) ဦး၊ (၆.၃) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၀၉) ဦး၊ (၉၃.၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၇–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၄) ဦး | (၆.၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၀၉) ဦး | (၉၃.၇) % |
| **စုစုပေါင်း** | **(၂၂၃) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၀၄,၇၅၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၆,၀၂၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၉၈၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၆–၉–၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၄၁၂,၄၄၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၄၆၄,၀၉၃) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၆–၉–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၄၁၂,၄၄၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၄၆၄,၀၉၃ |

ကိုဗစ်–၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက် ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန် လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူ အားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့် အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ခြောက်လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၂၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၉၅၁၉ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် သံတွဲမြို့၌ ဒေသခံပြည်သူ ၇၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၅၄၀၄ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၈၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၉၇ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၈၀၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၄၆၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။



# အချိုးကျကိုယ်စားပြုစနစ် Proportional Representation System (PR) အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြဝတီရုပ်မြင်သံကြားဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR) ပြောင်းလဲကျင့်သုံးနိုင်ရေး စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်ဖြစ်ပါသည်။ အစီအစဉ်တွင် ပါဝင်ဆွေးနွေးရန် ဖိတ်ကြားထားသူမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဖြစ်ပါသည်။

အစီအစဉ်တင်ဆက်သူအဖြစ် ဦးကျော်ဆွေအောင်နှင့် ဒေါ်ဖြိုးထက်ထက်အောင်တို့က ဆောင်ရွက်ထားပါသည်။

*(ယမန်နေ့မှ အဆက်)*

**အစီအစဉ်တင်ဆက်သူ ။ ။ လာမယ့်ရွေးကောက်ပွဲတွေမှာ ပြောင်းလဲကျင့်သုံးတော့မယ့် Closed List – PR စနစ်နဲ့ ပတ်သက်ပြီး မဲဆန္ဒရှင်တွေက မဲဘယ်လိုပေးရမယ်၊ ဆန္ဒမဲတွေကို အချိုးကျကိုယ်စားပြုစနစ်နဲ့ ဘယ်လိုတွက်ချက်ရမယ်ဆိုတာကို မဲဆန္ဒရှင်တွေ သိရှိသွားအောင် ရှင်းပြပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး ။ ။** Closed List – PR စနစ်နဲ့ ကျင်းပတဲ့ ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမယ့် ကိုယ်စားလှယ်အရေအတွက်အတိုင်း နိုင်ငံရေးပါတီများက ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်ကို တင်ပြရပါမယ်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတွေကလည်း အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်က ဆန္ဒမဲလက်မှတ်မှာ မိမိနှစ်သက်ရာ ပါတီအမည် သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအမည်ကို တစ်ကြိမ်သာ ဆန္ဒပြုရမှာ ဖြစ်ပါတယ်။

ပါတီအသီးသီးနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများရရှိတဲ့ ထောက်ခံဆန္ဒမဲအပေါ် မူတည်ပြီးတော့ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်အရေအတွက်ကို အချိုးကျစနစ်နဲ့ တွက်ချက်ရမှာ ဖြစ်ပါတယ်။ (The Largest Remainder) ကြွင်းကျန်မဲအများဆုံးစနစ်နဲ့ မဲရေတွက်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲများရေတွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အနေနဲ့ကတော့ –

- ❖ လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ လေးပါတီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတို့၏ ခိုင်လုံမဲများကိုစုပေါင်း၍ ယင်းမဲဆန္ဒနယ်တစ်ခုလုံး၏ ခိုင်လုံမဲစုစုပေါင်းအဖြစ် တွက်ချက်ရမည်။ ခိုင်လုံမဲစုစုပေါင်း ၉၀၀၀၀၀ ဖြစ်ပါသည်။
- ❖ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ (Threshold) ကို ပထမဦးစွာတွက်ချက်ရမည်။ ခိုင်လုံမဲစုစုပေါင်းကို ယင်းမဲဆန္ဒနယ်တွင် ရွေးကောက်တင်မြှောက်ရမည့် (ကိုယ်စားလှယ်အရေအတွက်+ ၁)ဖြင့် စားခြင်းရလဒ်အား (+ ၁)ထပ်ပေါင်းတွက်ချက်၍ ရရှိသောမဲအရေအတွက်ကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအတွက် အနည်းဆုံးရရှိရမည့် အခြေခံမဲ (Threshold) အဖြစ် သတ်မှတ်ရမည်။ အခြေခံမဲမှာ ၁၀၀၀၀၁ ဖြစ်ပါသည်။ (ဒသမရှေ့ဂဏန်း ကိန်းပြည့်ကိုသာယူရန်)

**နိုင်ငံရေးပါတီများနှင့်တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ ရရှိသည့် ခိုင်လုံမဲများအရ ကိုယ်စားလှယ်ဦးရေ တွက်ချက်ခြင်းနည်းလမ်း**

**(လွှတ်တော် ကိုယ်စားလှယ် ၈ ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်အတွက် နမူနာပုံစံ)**

ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံး ရရှိရမည့် အခြေခံမဲ (Threshold) =

$$\frac{(\text{ခိုင်လုံမဲစုစုပေါင်း})}{(\text{ကိုယ်စားလှယ်အရေအတွက်} + ၁)} + ၁$$

$$= \frac{(၉၀၀၀၀၀)}{(၈ + ၁)} + ၁$$

$$= ၁၀၀၀၀၁ \text{ မဲ}$$

- ❖ နိုင်ငံရေးပါတီ လေးပါတီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတို့၏ ကြွင်းကျန်သောမဲအရေအတွက်မှာ ကြွင်းကျန်မဲ အများအနည်းအရ ဦးဘ (တစ်သီးပုဂ္ဂလ)က အများဆုံး၊ (B)ပါတီက ဒုတိယအများဆုံး၊ (C)ပါတီက တတိယအများဆုံး၊ (A)ပါတီက စတုတ္ထအများဆုံးနှင့် (D)ပါတီက အနည်းဆုံးဖြစ်ပါသည်။

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | ပထမ ရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကြွင်း ကျန်မဲပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ်ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| (A)ပါတီ | ၃၃၀,၀၀၀ | ၃ | ၂၉,၉၉၇ | - | ၃ |
| (B)ပါတီ | ၁၉၀,၀၀၀ | ၁ | ၈၉,၉၉၉ | ၁ | ၂ |
| (C)ပါတီ | ၆၀,၀၀၀ | - | ၆၀,၀၀၀ | - | - |
| (D)ပါတီ | ၂၂၀,၀၀၀ | ၂ | ၁၉,၉၉၈ | - | ၂ |
| ဦးဘ (တစ်သီးပုဂ္ဂလ) | ၁၀၀,၀၀၀ | - | ၁၀၀,၀၀၀ | ၁ | ၁ |
| **စုစုပေါင်း** | **၉၀၀,၀၀၀** | ၆ | | ၂ | ၈ |

- ❖ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအတွက် သတ်မှတ်ထားသည့် အခြေခံမဲဖြင့် နိုင်ငံရေးပါတီ တစ်ခုစီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီရရှိသည့် ခိုင်လုံမဲကို စားခြင်းရလဒ်ဖြင့်တွက်ချက်ရာ အခြေခံမဲအရ (A) ပါတီ သုံးဦး၊ (B) ပါတီ တစ်ဦး၊ (D) ပါတီ နှစ်ဦးဖြင့် ကိုယ်စားလှယ်အရေအတွက် ခြောက်ဦးကို ရွေးကောက်နိုင်ပါသည်။
- ❖ သတ်မှတ် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ရှစ်ဦး ပြည့်မီခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကြွင်းကျန်သောမဲများကို အများအနည်းအလိုက် တန်းစီဇယားအရ ကြွင်းကျန်မဲအများဆုံးဖြစ်သော ဦးဘ(တစ်သီးပုဂ္ဂလ)နှင့် (B) ပါတီက လွှတ်တော်ကိုယ်စားလှယ်တစ်ဦး

*စာမျက်နှာ ၁၇ သို့*

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ**
**လွှတ်တော်ကိုယ်စားလှယ် ၈ ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်၌ ပါတီများအလိုက် ကြိုတင် တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ် (နမူနာပုံစံ)**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလု | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

**အချိုးကျကိုယ်စားပြု (Closed List ) စနစ်ဖြင့် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲလက်မှတ်နမူနာပုံစံ**
**ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)**

- ❖ မဲရုံတွင် မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေး လိုသော ပါတီ / ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "✔" အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
- ❖ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ပါတီ / ကိုယ်စားလှယ်လောင်း ၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်ကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှန်အမှတ်အသား "✔" ခြစ်ပေးပါ။
- ❖ ပါတီ / ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| (A) ပါတီ |  | |
| (B) ပါတီ |  | |
| (C) ပါတီ |  | |
| (D) ပါတီ |  | |
| ဦးဘ (တစ်သီးပုဂ္ဂလ) |  | |

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ**
**ပါတီများအလိုက် ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များ**
**(နမူနာပုံစံ)**

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလု | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

## လယ်ဝေးမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များပေးအပ်



**လယ်ဝေး စက်တင်ဘာ ၇**

နေပြည်တော် လယ်ဝေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များ ပေးအပ်ပွဲကို လယ်ဝေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၆ ရက်က ကျင်းပသည်။

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇ များ ထုတ်ပေးခြင်းဖြင့် တောင်သူများဘဝမြင့်မားတိုးတက်စေရန် ရည်ရွယ်ကြောင်း၊ ယနေ့တွင် အုပ်စု ၇ အုပ်စုရှိ တောင်သူ ၁၆ ဦး၏ လယ်မြေ ၉ ဒသမ ၅၄ ဧကနှင့် ယာမြေ ၂၈ ဒသမ ၆၄ ဧကတို့အတွက် ထုတ်ပေးနိုင်ခဲ့ပြီး ဆက်လက်ပေးရန်လည်း စီစဉ်နေကြောင်း၊ ပုံစံ-၇ ရရှိပြီးပါက စိုက်ပျိုးရေး ထွက်ကုန်တိုးတက်စေရန် သက်ဆိုင်ရာ တာဝန်ရှိဝန်ထမ်းများနှင့်ပူးပေါင်းကာ စုပေါင်းလယ်ယာမြေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကန်ထရိုက်လယ်ယာများတွင် ပူးပေါင်းပါဝင်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ထွက်ကုန်များ အရည်အသွေးမြင့်မားရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ဆက်လက်တက်လှမ်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင့်ခိုင်ဦးက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ- ၇ ထုတ်ပေးခြင်းလုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီးနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက တောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ များ ပေးအပ်ကြကာ တောင်သူများက မိမိတို့လယ်ယာမြေများ စိုက်ပျိုးရာတွင် အခက်အခဲများကို တင်ပြကြပြီး တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ဘော်နင်းရွာသစ် ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ကလော စက်တင်ဘာ ၇**

ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ဘော်နင်းကျေးရွာအုပ်စု ဘော်နင်းရွာသစ် (SMART Village) ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက စက်တင်ဘာ ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဘော်နင်းရွာသစ် (SMART Village)ခေတ်မီစံပြကျေးရွာ၌ အနက်ပေ ၄၀၀ ရှိ အဝီစိတွင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ ထုခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဘော်နင်းရွာသစ်၌ အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ်၄၅ ဒသမ ၆သိန်း ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ **ချိုသန်းညွန့် (ကျေးလက်)**

## လပွတ္တာမြို့နယ်၌ ဆန်၊ ကြက်ဥနှင့် ကြက်သွန်နီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ

**လပွတ္တာ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ပြည်သူများအား ဆန်၊ ကြက်ဥနှင့် ကြက်သွန်နီများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

လပွတ္တာခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် လပွတ္တာမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်တို့မှ အခြေခံလူတန်းစားပြည်သူများအား ဆန်တစ်ပြည်လျှင်ကျပ်၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်သွန်နီတစ်ပိဿာလျှင်ကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်ဥတစ်လုံးလျှင် ၁၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း စုစုပေါင်းအိမ်ထောင်စု ၂၄၀ ထံသို့ စနစ်တကျ ခွဲဝေရောင်းချပေးသည်။ **ခရိုင်(ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ် ရိုးကြီးကျေးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိ

**ဇီးကုန်း စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေဖြင့် ရိုးကြီးကျေးရွာ၌ ဆောင်ရွက်ပေးခဲ့သော ကျေးရွာတွင်း ၄၀၀ ဗို့ခဲတ်အားလိုင်း တည်ဆောက်ပြီးစီးမှုကြောင့် ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်ကာ မီးရရှိနေမှုအခြေအနေများကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စက်တင်ဘာ ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်လွဲ့လွဲ့မွန်နှင့် ဝန်ထမ်းများက ကျေးရွာတွင်း ၄၀၀ ဗို့ခဲတ်အားလိုင်းတည်ဆောက်ပြီးစီးမှုနှင့် မီးရရှိနေမှုအခြေအနေများကို စစ်ဆေးကြပြီး ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ရေရှည်တည်တံ့ရေးအတွက် ကျေးရွာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ၄၀၀ ဗို့ခဲတ်အားလိုင်း ပေ ၁၂၂၀ တည်ဆောက်ခြင်းကို ရိုးကြီးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ ဩဂုတ် ၁ ရက်မှစတင်ကာ ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ ကျေးရွာရှိ အိမ်ခြေ ၉၇ အိမ်၌ ၂၄ နာရီ လျှပ်စစ်မီး ရရှိအသုံးပြုနေကြပြီဖြစ်သည်။ **ကိုညို(ကျေးလက်)**

*စာမျက်နှာ ၁၆ မှ*

ထပ်ဆောင်းရရှိသဖြင့် လွှတ်တော်ကိုယ်စား လှယ်စုစုပေါင်း ရှစ်ဦးကို တွက်ချက်ရရှိမည်ဖြစ်ပါသည်။

❖ အဆိုပါတွက်ချက်မှုများအရ (A) ပါတီရရှိသော ကိုယ်စားလှယ်အရေအတွက် သုံးဦး၊ (B) ပါတီ ရရှိသော ကိုယ်စားလှယ်အရေအတွက် နှစ်ဦး၊ (D)ပါတီရရှိသော ကိုယ်စားလှယ်အရေအတွက် နှစ်ဦး၊ ဦးဘ (တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်) တစ်ဦး စုစုပေါင်း ရှစ်ဦး ရွေးကောက်တင်မြှောက်ခံရမှာ ဖြစ်ပါတယ်။

**အစီအစဉ်တင်ဆက်သူ ။ ။ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်များ၊ မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများနဲ့ လာမယ့် ရွေးကောက်ပွဲများမှာ ပြောင်းလဲကျင့်သုံးမယ့် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List PR) အကြောင်းကို အကျယ်တဝင့် ဆွေးနွေးပေးခဲ့ပြီး ဖြစ်ပါတယ်။**

**Closed List PR စနစ်ဖြင့် ဆန္ဒမဲပေးခြင်းနဲ့ ဆန္ဒမဲများရေတွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း မဲဆန္ဒရှင်များသိရှိအောင် နမူနာဇယားတွေနဲ့ ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးလိုက်ခြင်းဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ရရှိလာမယ့်အကျိုးကျေးဇူးများနဲ့ သတိပြုရမယ့် အချက်များကို အနှစ်ချုပ် သုံးသပ်ဆွေးနွေးပေးပါဆရာ။**

**ရွေးကောက်ပွဲများဟာ ဒီမိုကရေစီရဲ့အခြေခံအုတ်မြစ်ဖြစ်ပြီး ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ FPTP ရွေးကောက်ပွဲစနစ်အရ ပါတီတစ်ခုတည်းကသာ အာဏာသုံးရပ်လုံးကို ချုပ်ကိုင်ခဲ့တာဖြစ်ပေမယ့် ယခုပြောင်းလဲကျင့်သုံးတဲ့ PR စနစ်အရဆိုရင် ပါတီကြီး၊ ပါတီငယ်၊ တိုင်းရင်းသားများ၊ လူနည်းစုများအားလုံးက ဥပဒေပြုရေးမှာရော အုပ်ချုပ်ရေးကဏ္ဍမှာပါ အချိုးကျကိုယ်စားပြု ပါဝင်လာတော့မှာဖြစ်တဲ့အတွက် မျှတတဲ့ ကိုယ်စားပြုမှုနဲ့ ခွဲဝေကျင့်သုံးနိုင်မှုတို့ကို တိုးမြှင့်ဖော်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုစေလိုတာကတော့ ဗဟုနိုင်ငံရေးစနစ် ပိုမိုပေါ်လွင်လာမှာ ဖြစ်တဲ့အတွက် မတူကွဲပြားမှုများမှသည် တူညီသောစုစည်းမှုအင်အားများရရှိနိုင်အောင် နိုင်ငံရေးအမြင်၊ အမျိုးသားအမြင်ဖြင့် တည်ဆောက်နိုင်ဖို့လို**

**ဦးခင်မောင်ဦး ။ ။** ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဦးတည်ချက်ကတော့ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့အနှစ်သာရမှာ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ကိုယ်စားပြုခြင်းတို့ပါဝင်ပြီး ဖက်ဒရယ်စနစ်ရဲ့ အခြေခံသဘောတရားကတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မတူကွဲပြားတဲ့ တိုင်းရင်းသားလူမျိုးစုတွေ အတူတကွ ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းနဲ့ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးခြင်းဆိုတဲ့ သဘောတရားပဲ ဖြစ်ပါတယ်။

ရွေးကောက်ပွဲများဟာ ဒီမိုကရေစီရဲ့အခြေခံအုတ်မြစ်ဖြစ်ပြီး ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ FPTP ရွေးကောက်ပွဲစနစ်အရ ပါတီတစ်ခုတည်းကသာ အာဏာသုံးရပ်လုံးကို ချုပ်ကိုင်ခဲ့တာဖြစ်ပေမယ့် ယခုပြောင်းလဲကျင့်သုံးတဲ့ PR စနစ်အရဆိုရင် ပါတီကြီး၊ ပါတီငယ်၊ တိုင်းရင်းသားများ၊ လူနည်းစုများအားလုံးက ဥပဒေပြုရေးမှာရော အုပ်ချုပ်ရေးကဏ္ဍမှာပါ အချိုးကျကိုယ်စားပြု ပါဝင်လာတော့မှာဖြစ်တဲ့အတွက် မျှတတဲ့ ကိုယ်စားပြုမှုနဲ့ ခွဲဝေကျင့်သုံးနိုင်မှုတို့ကို တိုးမြှင့်ဖော်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုစေလိုတာကတော့ ဗဟုနိုင်ငံရေးစနစ် ပိုမိုပေါ်လွင်လာမှာဖြစ်တဲ့အတွက် မတူကွဲပြားမှုများမှသည် တူညီသောစုစည်းမှုအင်အားများရရှိနိုင်အောင် နိုင်ငံရေးအမြင်၊ အမျိုးသားအမြင်ဖြင့် တည်ဆောက်နိုင်ဖို့လိုပါတယ်။

ပါတီတွေက အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်တွေကို ဦးစားပေးဖို့လိုပါမယ်။ ပါတီစုံပါဝင်လာတော့မှာ ဖြစ်တဲ့အတွက် နိုင်ငံရေးအစွန်းရောက်မှု၊ လူမျိုးရေး၊ ဘာသာရေး၊ ဝါဒရေးအစွန်းရောက်မှုများကို နိုင်ငံရေးအသိ၊ နိုင်ငံရေးအမြော်အမြင်ရှိရှိဖြင့် သတိပြုရှောင်ရှားနိုင်ဖို့ လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် စက်တင်ဘာ ၇**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ချမ်းမြေ့ရောင်းဝယ်ရေးသမအသင်း အသင်းသားများအား သက်သာသောနှုန်းဖြင့် ဆန်ရောင်းချပေး

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းသားများ အဆင်ပြေစေရေးအတွက် မဂျမ်းတောဆန် တစ်ပြည်အိတ်ကို ငွေကျပ် ၆၀၀၀ နှုန်းဖြင့် အသင်းသားများအား စက်တင်ဘာ ၇ ရက်က ၂၂ လမ်းနှင့် ၈၆ လမ်းထောင့် ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်းဆိုင်၌ ရောင်းချသည်။

အဆိုပါ အသင်းသားများအား ဆန်ရောင်းချပေးရာတွင် အသင်းဥက္ကဋ္ဌ ဦးဘကြည်နှင့် အမှုဆောင်များက ကြီးကြပ်ပေးသည်။ ဩဂုတ် ၁၇ ရက်က ပြုလုပ်သော အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင်လည်း အသင်းသားအစု တစ်စုကို ငွေကျပ် ၂၅၀၀၀ ထောက်ပံ့ထုတ်ပေးခဲ့ကြောင်း သိရသည်။

ထွဏ်းလှအောင် (မန္တလေး)

## ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး အထောက်အကူဖြစ်စေရန်အတွက် Mask များကို အခမဲ့ပေးဝေလှူဒါန်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး LED ဆိုင်းဘုတ်များ စိုက်ထူ

**နေပြည်တော် စက်တင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အခြေခံအကျဆုံးမှာ နှာခေါင်းစည်းများတပ်ဆင်အသုံးပြုခြင်းဖြစ်ရာ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ကန်ကြီးထောင့်မြို့၊ သာပေါင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့၊ ဟင်္သာတမြို့၊ မြန်အောင်မြို့၊ မြောင်းမြမြို့၊ အိမ်မဲမြို့၊ မအူပင်မြို့၊ ဖျာပုံမြို့၊ ဒေးဒရဲမြို့နှင့် ပန်းတနော်မြို့များရှိစာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများနှင့် လူစည်ကားရာနေရာများတွင် သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် ပေးဝေလှူဒါန်းကြသည်။ (ယာပုံ)

ထို့ပြင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ လှည်းတန်းစင်တာ၊ လမ်းမတော်မြို့နယ်ရှိ City Mall St. John နှင့် မြန်မာဆိပ်ကမ်းအာဏာပိုင် (ကျန်းမာရေး ဆိပ်ကမ်းဝင်းအတွင်း)၊ မရမ်းကုန်းမြို့နယ်ရှိ မြို့ပြအိမ်ရာ



(တောင်ဘက်ခြမ်း)၊ ပြည်လမ်းနှင့် လေဆိပ်လမ်းဆုံ၊ ဗဟန်းမြို့နယ်ရှိ Ocean Super Center၊ Myanmar Plaza နှင့် ဆရာစံလမ်းကြော်ငြာဆိုင်းဘုတ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တို့တွင် LED ကြော်ငြာဘုတ်များဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို စက်တင်ဘာ ၆ ရက်မှ စတင်၍ ကြော်ငြာပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ရတီဦးသည် ၎င်းအသုံးပြုသည့် “YATI OO” Facebook အကောင့်၊ ညောင်ဦးမြို့ အမှတ်(၃)ရပ်ကွက်နေ တင့်လွင်ဦး(ခ) သံခဲသည် ၎င်းအသုံးပြုသည့် “ကောင်းထက်ဝင်း” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၆၃)ရပ်ကွက်နေ ခင်လေးနွယ်(ခ) ခင်မြတ်နိုးသည် ၎င်းအသုံးပြုသည့် “Khin Myat Noe” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ အမှတ်(၁)ရပ်ကွက်နေ ဘီကရမ်း(ခ) မျိုးခန့် သည် ၎င်းအသုံးပြုသည့် “Myo Khant” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၉-၂၀၂၂ ကြာသပတေးနေ့

## MRTV HD

**၀၆:၀၀** ပေဋ္ဋကသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** NRC အစီအစဉ်
**၀၉:၄၅** 'စာတတ်မြောက်ရေးလှုပ်ရှားမှု' (၂၀၂၂ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာတတ်မြောက်ရေးဆောင်ရွက်မှုလုပ်ငန်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွှင့်ပျံ့အမုန်း'** (အပိုင်း-၄)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ပျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၀** Soccer View
**၁၇:၂၅** လှမှုစီးပွားမြင်ကွင်းများ
**၁၇:၄၅** လူတိုင်းစာတတ်မြောက်ရေးအားလုံးဝိုင်းဝန်းဆောင်ရွက်ပေး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့ အိပ်မက်တန်ဖိုး'** (အပိုင်း-၁၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၁၅** (၁၉)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ "သုဝဏ္ဏသာမဇာတ်တော်ကြီး" (ပထမဆု)(ရန်ကုန်တိုင်းဒေသကြီး)(ဒုတိယပိုင်း)
**၂၂:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၂၃)

## mitv

**07:01** Evergreen Classic: Aseinnaya (Takkatho Lae Lae)
**07:10** Ancient Shwe-San-Taw Pagoda
**07:26** New Destination for Sea Lovers
**07:32** The Crocodiles of Meinmahla Island
**08:01** News
**08:27** Healthy Diet: Keto Diet
**08:37** Myanmar's Traditions and Culture "Myanmar Pottery"
**09:01** Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress
**09:34** Products of Myanmar - Kachin Traditional Knife
**09:45** Ecotourism: Tamu And Hand Washing Lake
**10:01** New
**10:27** Myanma Thanakha

## MRTV NRC

**အရှေ့ပိုးကရင် (၀၆ :၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၅)

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နွေးထွေးသည့်လုပ်ဘန်းရွာသို့အလည်တစ်ခေါက် (အပိုင်း-၁)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းသီချင်းကြီး(အပိုင်း-၁)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဝေဟင်ထက်ကဗီဝဗိုးငှက်ငယ်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ပြည်မှသဘာဝအလှများ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ထင်းရှူးတန်းကရှိုက်ခံပန်း(အပိုင်း-၁) ဇာတ်လမ်း

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၂)

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာအစားအစာ

**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သွားကျောက်ဖြစ်ခြင်းနှင့်သွားအကြောထုတ်ကုသခြင်း

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဘဝကိုအရှုံးမပေးသူ(နန့်ခိုင်နှင်းဝေ)

## MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** လူတိုင်းစာတတ်မြောက်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေး
**၀၉:၁၅** ၂၀၂၂ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာတတ်မြောက်ရေးဆောင်ရွက်မှုလုပ်ငန်း
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

## MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလဲ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငှ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

## MRTV FARMERS'

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၁၅** ရောက်၊ လိမ္မော်ကိုင်းကူးဆက်နည်းအကြောင်း
**၀၇:၃၅** ခွာနာလျှာနာရောဂါကာကွယ်ဖို့ကာကွယ်ဆေး အခမဲ့ထိုးကြစို့
**၀၈:၅၀** မြေဆွေးပုံဘယ်လိုပြုလုပ်မလဲ
**၀၉:၂၀** တစ်ဆစ်ကြံစိုက်ပျိုးတောင်သူဝင်ငွေတိုး
**၀၉:၄၅** ရောက်ကုန်းမြေပေါ်မှစိမ်းစိုနေသောပဲခင်းများဆီသို့

## MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မိုးပိုနေမည်

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ




# ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၉ - ၂၀၂၂

## ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၈၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၉၄၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၉၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၀၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

## စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၀၈၅ ကျပ် | ၃၁၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၁၇၀ ကျပ် | ၃၂၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၅၀ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၆၀ ကျပ် | ၂၆၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၈၁ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၉၂ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၇ . ၂၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၅၇ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၆ . ၅၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၁ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၂၇၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၅၈၃၂ | ၅၉၆၁၄၅၀၀ |
| MTSH | ၃၃၀၀ | ၃၇၀၀ | ၁၆၁၉၃ | ၅၇၉၅၅၈၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅၃ | ၄၂၄၀၀၀ |
| FPB | ၂၂၀၀၀ | ၂၄၀၀၀ | ၃၅၁ | ၈၀၂၇၀၀၀ |
| TMH | ၂၇၀၀ | ၂၆၅၀ | ၁၁၁၁ | ၂၉၉၈၃၅၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၇၃၇ | ၂၁၃၇၃၀၀ |
| AHP | ၅၃၀၀ | ၅၃၀၀ | ၈၄ | ၄၄၅၂၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# သန့်စင်သောလေရှူရှိုက်ဖို့ လေထုညစ်ညမ်းမှုကို တိုက်ဖျက်စို့

မေတ္တာမိုးနှင်း(ပဲခူး)

**ဤကမ္ဘာမြေကြီးပေါ်တွင် နေထိုင်ကြကုန်သော သက်ရှိသတ္တဝါအားလုံးနှင့် သက်မဲ့ဖြစ်သော သဘာဝပတ်ဝန်းကျင်တို့သည် အပြန်အလှန် အမှီသဟဲပြု၍ နေထိုင်ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် အပြန်အလှန်ဆက်နွှယ်နေထိုင်ကြခြင်းကြောင့် ဂေဟအဖွဲ့အစည်း(Ecosystem)ဟု သိပ္ပံပညာရှင်များက ခေါ်ဆိုကြ၏။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်နွှယ်ရာတွင် တစ်ဦးဘက်မှ ချို့ယွင်းဖောက်ဖျက်ခဲ့လျှင် တခြားတစ်ဦးဘက်၌လည်း ချို့ယွင်းပျက်စီးမည်ဖြစ်သည်။**

ထိုအခါ ဂေဟအဖွဲ့အစည်းသည် ယိုယွင်းပျက်စီးလာနိုင်သလို ဆိုးကျိုးများကိုလည်း ဂေဟအဖွဲ့အစည်းတစ်ခုလုံး ခံစားကြရမည် ဖြစ်သည်။ ကမ္ဘာကြီးကို မြေထု၊ လေထု၊ ရေထု ဟူသော အလွှာကြီးများဖြင့် ဖွဲ့စည်းလွှမ်းခြုံထားပေသည်။ မြေထု၊ ရေထု၊ လေထုတို့သည် လူအပါအဝင် သတ္တဝါတို့အတွက် သဘာဝ၏ အခမဲ့လက်ဆောင်များပင်ဖြစ်သည်။ ထိုအခမဲ့ လက်ဆောင်များထဲမှ လေထုညစ်ညမ်းမှုသည် လူအပါအဝင်သတ္တဝါအားလုံးတို့အတွက်အကြီးမားဆုံးသော အန္တရာယ်ပင်ဖြစ်ပေသည်။

**ကမ္ဘာ့လေထု**

လူသားတို့နေထိုင်သော ကမ္ဘာမြေကြီးကို လေထုမှ လွှမ်းခြုံထားလေသည်။ လူသားအပါအဝင်သတ္တဝါတို့သည် လေကိုရှူရှိုက်၍ အသက်ရှင်နေထိုင်ကြရသည်။ လေထုရှိနေသောကြောင့်လည်း လေဖိအား၏ ဖန်တီးမှုနှင့်အတူ ကမ္ဘာမြေပေါ်ရပ်တည်နိုင်ပြီး ရာသီဥတုအခြေအနေများကို ဖြစ်ပေါ်စေသည်။ နေ့စဉ် ရှူရှိုက်နေသော လေထုထဲတွင် အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်းနှင့် အခြားဓာတ်ငွေ့တစ်ရာခိုင်နှုန်း ပါဝင်ပေသည်။ ထို့အပြင် စိုစွတ်သော လေထုဖြစ်သောကြောင့် ရေခိုးရေငွေ့နှင့် အမှုန်များ ပါဝင်သည်မှာလည်း မငြင်းနိုင်သော အမှန်တရားဖြစ်သည်။ နေ့စဉ် ရှူရှိုက်နေရသောလေသည် ကမ္ဘာမြေမျက်နှာပြင်အထက် ကိုးမိုင်ဝန်းကျင် အကွာအဝေးရှိ လေထုပင်ဖြစ်သည်။

**လေထုညစ်ညမ်းမှုဖြစ်ပေါ်လာရသော အကြောင်းရင်း**

လေထုညစ်ညမ်းမှုသည် များသောအားဖြင့် လူသားများ ဖန်တီးခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ လူသားတို့သည် သဘာဝသယံဇာတများကို အလွန်အကျွံသုံးစွဲခြင်း၊ ခေတ်မီနည်းပညာများအား စနစ်တကျ အသုံးမပြုခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်ခြင်းတို့ကြောင့်ဖြစ်သည်။ လေထုညစ်ညမ်းမှုသည် ဖြစ်ပေါ်ရာနေရာတစ်ခုတည်းတွင် ရပ်တန့်နေသည်မဟုတ်။ ကမ္ဘာ့ပတ်ဝန်းကျင်တစ်ခုလုံးသို့ အလွယ်တကူ ပျံ့နှံ့ရောက်ရှိသွားနိုင်သော ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်များမှ ထွက်ရှိသော အခိုးအငွေ့များသည် လေထုထဲသို့ ပျံ့နှံ့သွားခြင်းကြောင့်ဖြစ်သည်။

လေထုညစ်ညမ်းမှုဖြစ်စေသော အခြားအချက်တစ်ခုမှာ(Welding) ဂဟေဆော်ခြင်း၊ (Stone crushing) ကျောက်မိုင်းခွဲခြင်း၊ (Gem grinding) ကျောက်မျက်ရတနာများ ခွဲခြင်းသွေးခြင်းတို့မှ ထွက်ပေါ်လာသော ညှော်နံ့များ၊ အမှုန့်များကြောင့်ဖြစ်သည်။ ထိုအနံ့များ၊ အမှုန့်များသည် လေထုထဲသို့ ပျံ့နှံ့ရောက်ရှိသွားပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ကျောက်ဂွမ်းမှုန့်၊ ဂျုံမှုန့်၊ ဝါဂွမ်းနှင့် ချည်မျှင် စက်ရုံတို့မှ ထွက်ရှိသော အမှုန့်များကြောင့်လည်း လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လေထုညစ်ညမ်းမှုပိုမိုများပြားလာသည်။ ခေတ်မီခြင်း နှင့် လေထုညစ်ညမ်းမှုသည် တိုက်ရိုက်အချိုးကျသည်မဟုတ်။ သို့သော်လည်း လုပ်ငန်းခွင်၏ တည်နေရာ၊ စွန့်ပစ်ပစ္စည်း စနစ်တကျ မစွန့်ပစ်ခြင်း၊ ကျန်းမာရေး ပညာပေးအချက်အလက်များကို မလိုက်နာခြင်းတို့အပေါ်တွင် မူတည်ပါသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ခေတ်မီစက်ကိရိယာများကို အသုံးပြုခြင်း၊ စက်ရုံ၊ အလုပ်ရုံပေါ်များသော အရပ်ဒေသများတွက်လူဦးရေ ထူထပ်လာခြင်း၊ ခေတ်မီပိုးသတ်ဆေးများကို အသုံးပြုခြင်းတို့ကြောင့် ဖြစ်သည်။

**လေထုညစ်ညမ်းမှုများခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ခြင်း**

လေထုညစ်ညမ်းမှုသည် သက်ရှိတို့၏ ခန္ဓာကိုယ် အတွင်းသို့ နည်းလမ်းနှစ်သွယ်ဖြင့် ဝင်ရောက်လာနိုင်ပေသည်။ လေထုညစ်ညမ်းမှုများသည် အပင်နှင့် သတ္တဝါတို့၏ တစ်သျှူးများထဲသို့ တိုက်ရိုက်ဝင်ရောက်ခြင်း (သို့မဟုတ်) သစ်ပင်တို့၏ သစ်ရွက်လေရှူပေါက်များ၊ သတ္တဝါတို့၏ အဆုတ်များသို့ ဝင်ရောက်ခြင်း (သို့မဟုတ်) ခန္ဓာကိုယ်ပေါ်ရှိ ချွေးပေါက်များမှတစ်ဆင့် ဝင်ရောက်ခြင်းဖြစ်သည်။ ဒုတိယတစ်နည်းမှာ လေထုညစ်ညမ်းမှုများသည် ရေ (သို့မဟုတ်) မြေဆီလွှာထဲတွင် ကပ်တင်အနည်ကျပြီး အပင်များမှ ပျော်ရည်အဖြစ် စုပ်ယူ၍ လူနှင့် သတ္တဝါတို့မှ အပင်များကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်ထဲသို့ ရောက်ရှိလာနိုင်ပေသည်။

**လေထုညစ်ညမ်းမှု၏ဆိုးကျိုးများ**

လေထုညစ်ညမ်းမှုကြောင့် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေသည်။ မော်တော်ယဉ်များမှ ထုတ်လွှတ်လိုက်သော အငွေ့များနှင့် ဆေးလိပ်မီးခိုးငွေ့များတွင် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များ ပါဝင်သည်။ လူသားများ အသက်ရှူလိုက်သည့်အခါ လေထဲမှ သွေး၏ အောက်ဆီဂျင်သယ်ပို့မှုနှင့်အတူ ပါဝင်လာပြီး အောက်ဆီဂျင်စွမ်းရည်ကို ထိခိုက်စေနိုင်ပါသည်။ ဦးနှောက်နှင့် နှလုံးသို့ အောက်ဆီဂျင်ရောက်ရှိမှု လျော့နည်းပြီး မူးဝေခြင်း၊ သတိလစ်မေ့မြောခြင်းများ ဖြစ်ပေါ်စေသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကာဗွန်မိုနောက်ဆိုက်ကို ရှူရှိုက်ပါက သန္ဓေသား ကြီးထွားမှုကို ထိခိုက်စေနိုင်ပါသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေနံချက်စက်ရုံများ၊ သံရည်ကျိုလုပ်ငန်းများ၊ စက္ကူပျော့ဖတ်စက်ရုံများ၊ ဆာလဖာပါရှိသော ကျောက်မီးသွေးနှင့် လောင်စာဆီများ လောင်ကျွမ်းခြင်းမှ ထွက်ပေါ်လာသော ဆာလဖာဒိုင်အောက်ဆိုက်သည် အဆုတ်ရောဂါကိုဖြစ်စေပြီး နှလုံးကိုလည်း ထိခိုက်စေသည်။ ဆာလဖာဒိုင်အောက်ဆိုက်သည် လေထုထဲရှိ နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ဓာတ်ပြုသည့်အခါ အက်စစ်မိုးအဖြစ် ရွာကျပြီး သစ်တောသစ်ပင်၊ အသီးအနှံများကို ပျက်စီးစေသည်။ သက်မဲ့ပစ္စည်းများဖြစ်သော ကျောက်တိုင်များ၊ သတ္တုပစ္စည်းများ၊ တိုက်တာအဆောက်အအုံများကိုလည်း ထိခိုက်ပျက်စီးစေပါသည်။

မော်တော်ယာဉ်များ၊ ဘွိုင်လာများမှ ထုတ်လွှတ်လိုက်သော နိုက်ထရိုဂျင်အောက်ဆိုက်ကို ရှူရှိုက်မိပါက တုပ်ကွေး၊ အဆုတ်အအေးမိခြင်း၊ ရင်ကျပ်ခြင်းများကို ဖြစ်ပေါ်စေသည်။ လေထုထဲသို့ အများဆုံး ထုတ်လွှတ်နေသော ဓာတ်ငွေ့မှာ ကာဗွန်ဒိုင်အောက်ဆိုက်ပင်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်သည် အပင်များ နေရောင်ခြည်ဖြင့် အစာချက်လုပ်ရာတွင် ကုန်ကြမ်းဖြစ်ပြီး လူသားတို့အတွက် အောက်ဆီဂျင်ကို ပြန်ထုတ်ပေးသည်။ အရာဝတ္ထုများ မီးလောင်ခြင်း၊ သက်ရှိများ အသက်ရှူထုတ်ခြင်းတို့တွင် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်လွှတ်ကြသည်။ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် များပြားလာသည့်အခါ ကမ္ဘာကြီးကို ပူနွေးစေပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက်သည် လေထုထဲတွင် တစ်ရာခိုင်နှုန်းထက် ပိုများပါက လူတချို့ကို မူးဝေစေသည်။ ခုနစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအကြား ရှိပါက ခေါင်းကိုက်ခြင်း၊ အကြားအမြင် အာရုံကို ထိခိုက်စေပြီး မိနစ်ပိုင်းမှ တစ်နာရီကြာသည်အထိ မေ့မြောသွားနိုင်ပါသည်။

သတ္တုတွင်းလုပ်ငန်း၊ ဆေးမှုတ်လုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်းများမှ ထွက်လာသော ခဲ၊ ခရိုမီနီယမ်၊ ကြေး၊ မင်ဂနိ၊ မာကြူရီ စသည့်အမှုန်အမွှားများနှင့် အခိုးအငွေ့များကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် နာတာရှည်ရောဂါများ၊ ရင်ကျပ်ရောဂါများကို ဖြစ်စေနိုင်ပြီးခဲနှင့် မင်ဂနိတို့သည် အာရုံကြောကို ထိခိုက်ပြီး ခရီမီယမ်သည် ကျောက်ကပ်ကို ပျက်စီးစေပါသည်။ လေထုထဲရှိ ခရမ်းလွန်ရောင်ခြည်သည် ခေါင်းမူးခြင်း၊ ချမ်းခြင်း၊ ချောင်းဆိုးခြင်းတို့မှတစ်ဆင့် အဆုတ်ကင်ဆာကိုလည်း ဖြစ်စေနိုင်ပါသည်။

**လေထုညစ်ညမ်းမှုကိုတိုက်ဖျက်ရန်နည်းလမ်းများ**

လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန်အတွက် မော်တော်ယဉ်များတွင် အန္တရာယ်ရှိသော လောင်စာဆီကို အစားထိုးလောင်စာများဖြင့် အသုံးပြုရမည်။ မော်တော်ယာဉ်မီးခိုးငွေ့တွင် ပါဝင်သော ကာဗွန်ဒိုင်အောက်ဆိုက်သည် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်စေသောကြောင့် ဓာတ်ဆီ၊ ဒီဇယ်များကို အသုံးပြုမည့်အစား CNG(compound natural gas)ကို အသုံးပြုသင့်သည်။ CNG သည် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏမှာ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ထက် ၂ ဒသမ ၅ ကီလိုဂရမ်နီးပါး လျော့နည်းသောကြောင့် ဖြစ်သည်။

မိမိတို့၏ နေအိမ်အဆောက်အအုံများတွင် ဓာတုစွမ်းအင်သုံးစွဲမှုကို လျှော့ချကြရမည်။ သာမန်လုပ်ငန်းရပ်များတွင် စက်စွမ်းအားကို အသုံးမပြုဘဲ လူစွမ်းအားဖြင့်သာ တတ်နိုင်သလောက်ဆောင်ရွက်ကြရမည်။ သို့မှသာ လေထုညစ်ညမ်းမှုကို လျော့ကျစေရုံသာမက ခြိုးခြံချွေတာမှုလည်း ထိရောက်ပေလိမ့်မည်။ မော်တော်ယာဉ်သုံးစွဲမှုကိုလည်း လျှော့ချကြရမည်။ လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ရုံသာမက ကျန်းမာရေးနှင့်လည်း ပို၍ သင့်တော်ပေလိမ့်မည်။

လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန် အဓိကအချက်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်သည်။ သစ်ပင်ပန်းမန်များသည် လေထုထဲရှိ အန္တရာယ်ဖြစ်စေနိုင်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို များစွာစုပ်ယူနိုင်သောကြောင့်ဖြစ်သည်။ လူသားတို့အတွက် လိုအပ်သော အောက်ဆီဂျင်ကိုလည်း သစ်ပင်များမှ များစွာထုတ်လုပ်ပေးသည်။ မိမိအိမ်ခြံဝင်းအတွင်း တတ်နိုင်သမျှ အစိမ်းရောင်ရသော သစ်ပင်များကို စိုက်ပျိုးကြရမည်။ မိမိပတ်ဝန်းကျင် သာယာလှပရုံသာမက လေကောင်းလေသန့်ရရှိ၍ လေထုညစ်ညမ်းမှုကိုလည်း တိုက်ဖျက်ရာရောက်ပေသည်။

လေထုညစ်ညမ်းမှုတိုက်ဖျက်ရာတွင် ရေသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ သန့်စင်သောရေတွင် အောက်ဆီဂျင်ပါဝင်မှု အားကောင်းပါသည်။ မြစ်ချောင်း၊ အင်းအိုင်များကို ရေမခန်းခြောက်ရန် ပြုပြင်ထိန်းသိမ်းကြရမည်။ မိမိ၏ အိမ်အတွင်းအပြင်၌ နွေရာသီ၊ ဆောင်းရာသီတို့တွင် တစ်နေ့နှစ်ကြိမ်မျှ ရေဖျန်းပက်ခြင်းအားဖြင့်လည်း လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ပေသည်။

**လေထုညစ်ညမ်းမှုကို ဝိုင်းဝန်းတိုက်ဖျက်စို့**

လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန်အတွက် အဓိကကျသော အချက်မှာ အစိုးရ၊ အစိုးရမဟုတ်သော ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်သူများ အပြန်အလှန်လေးစားမှုရှိကြရမည်။ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသည် လေထုညစ်ညမ်းမှုအချက်အလက်များကို အတိအကျသိရှိရန် စနစ်တကျလုပ်ဆောင်ပြီး ပြည်သူလူထုထံ သတင်းအချက်အလက်ပေးကြရမည်။ ပြည်သူလူထုကလည်း မိမိတို့၏ အသက်အန္တရာယ်ဖြစ်စေသော လေထုညစ်ညမ်းမှုကို လေ့လာကြရမည်။ သတိပေး ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရမည်။ လေထုညစ်ညမ်းမှုသည် မိမိသာမက မိမိ၏ မျိုးဆက်၊ မိမိနိုင်ငံတော်၏ အနာဂတ်အရေးကိုပါ ထိခိုက်စေနိုင်သည်ကို သတိပြုကြရမည်။ မိမိတို့ အတတ်နိုင်ဆုံး၊ အလိုက်နာနိုင်ဆုံးသော နည်းလမ်းများဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချမှုပြုကြရမည်။

၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ထိရောက်စွာဖြေရှင်းနိုင်သည့် အရည်အသွေးများကို သိရှိနားလည်ရန်အတွက် စက်တင်ဘာ ၇ ရက်ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ဆောင်ပုဒ်ဖြစ်သော “လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့” ဟူသည့် တိုက်တွန်းချက်နှင့်အညီ သန့်စင်သော လေရှူရှိုက်ဖို့ ပြည်သူတစ်ရပ်လုံးအနေဖြင့် လေထုညစ်ညမ်းမှုကို ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့ဟု ရေးသားလိုက်ရပေသည်။ ။

**“လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေနံချက်စက်ရုံများ၊ သံရည်ကျိုလုပ်ငန်းများ၊ စက္ကူပျော့ဖတ်စက်ရုံများ၊ ဆာလဖာပါရှိသော ကျောက်မီးသွေးနှင့် လောင်စာဆီများ လောင်ကျွမ်းခြင်းမှ ထွက်ပေါ်လာသော ဆာလဖာဒိုင်အောက်ဆိုက်သည် အဆုတ်ရောဂါကိုဖြစ်စေပြီး နှလုံးကိုလည်း ထိခိုက်စေသည်။ ဆာလဖာဒိုင်အောက်ဆိုက်သည် လေထုထဲရှိ နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ဓာတ်ပြုသည့်အခါ အက်စစ်မိုးအဖြစ် ရွာကျပြီး သစ်တောသစ်ပင်၊ အသီးအနှံများကို ပျက်စီးစေသည်။ သက်မဲ့ပစ္စည်းများဖြစ်သော ကျောက်တိုင်များ၊ သတ္တုပစ္စည်းများ၊ တိုက်တာအဆောက်အအုံများကိုလည်း ထိခိုက်ပျက်စီးစေ”**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဪတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀.၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁.၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဧပြီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၉၄၂။ | ဦးမြတ်ကို(ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့)နှင့်ဇနီး ဒေါ်ဇေကရီခိုင် (သမီး)မသရဖီခိုင်ဇာ၊ မသပြေခိုင်ဇာ (သား)မောင်သုတနေဝင်း မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | မြိတ်မြို့ | ၅၀၀၀၀၀၀ |
| ၂၉၄၃။ | ဗိုလ်ချုပ်စောသန်းလှိုင်၊ တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့်ဇနီး ဒေါ်နှင်းချမ်းမြေ့သူ (သား)မောင်ကောင်းခန့်ကျော်၊ မောင်မင်းပြည့်မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | မြိတ်မြို့ | ၅၀၀၀၀၀၀ |
| ၂၉၄၄။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဗိုလ်ချုပ်ဇင်မင်းထက်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်)နှင့်ဇနီး ဒေါက်တာသဇင်ခိုင် (သမီးကြီး)မကြည်စင်မင်းထက်(သမီးငယ်)မယမုံမင်းထက် မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၂၉၄၅။ | ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တိုင်းအဆင့်ဌာနဆိုင်ရာများ (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | ပုသိမ်မြို့ | ၂၈၀၁၀၀၀ |
| ၂၉၄၆။ | အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅)ကျောင်းဆင်း မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၅၅၀၀၀၀ |
| ၂၉၄၇။ | စစ်တက္ကသိုလ်အမှတ်စဉ်(၂၆) ကျောင်းဆင်းအရာရှိမိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၉၄၈။ | ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမိသားစု (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၂၉၄၉။ | (ဖခင်)ဦးညွန့်၊ (မိခင်)ဒေါ်ခင်ရွှေ (ဦးလေး)ဦးတုတ် တို့အားရည်စူးပြီး ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးညီညီ၊ ဒေါ်ခင်မြဝင်း၊ ဒေါ်ခင်အေးကြူ တို့အားအမှူးထား၍ ဒေါ်ခင်မြသင်းနှင့်တူ၊ တူမ၊ မြေး မိသားစုကောင်းမှု (ကျောက်စာရုံစေတီ- ၁ ဆူ တတိယအကြိမ်လှူဒါန်း) | စစ်ကိုင်းမြို့ | ၁၂၉၀၀၀၀၀ |
| ၂၉၅၀။ | ဦးကျော်နေဝင်းမိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀၀၀ |
| ၂၉၅၁။ | ကျေးဇူးရှင်ဆရာသမားများကို ရည်စူး၍ ဒေါက်တာသိန်းထွန်းနှင့်ဇနီး ဒေါက်တာ ဒေါ်သန်းတိုးမိသားစုကောင်းမှု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၂၉၅၂။ | ဦးကျော်ဇော(သမီး)မသီရိလှိုင် (မြေး)မကျော့ရှင်းသန့်မိသားစု | တောင်ငူမြို့ | ၅၀၀၀၀၀ |
| ၂၉၅၃။ | ထိပ်တင်ယွန်းခင်ခင်မွေးနေ့အလှူ | နေပြည်တော် | ၃၀၀၀၀၀ |
| ၂၉၅၄။ | ဦးအိကြိုင်+ဒေါ်ညွန့်ရီ | နေပြည်တော် | ၁၁၀၀၀၀ |
| ၂၉၅၅။ | ကွယ်လွန်သူမိဘများဖြစ်သော ဦးစိန်ကြီး+ဒေါ်ကြည်ကြည်သန်းတို့အားရည်စူး၍(သမီး)မစိုးစိုးသန်းကောင်းမှု | မြန်အောင်မြို့ | ၁၀၀၀၀၀ |
| ၂၉၅၆။ | ရဲအရာခံလှသောင်း(ငြိမ်း) | တာချီလိတ်မြို့ | ၁၀၀၀၀၀ |
| ၂၉၅၇။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် မောင်/ညီမတို့အားရည်စူး၍ ဒေါ်သောင်းသောင်းစိန်ကောင်းမှု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၉၅၈။ | ဒေါ်ခင်မေဆင့်မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၉၅၉။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်ခင်မာမာ (သမီး)မဝင်းမာရွှေ၊ မခင်သီတာရွှေ၊ မစုလှိုင်ရွှေမိသားစု | ဖြူးမြို့ | ၁၀၀၀၀၀ |
| ၂၉၆၀။ | ဦးအောင်ညွန့်မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၉၆၁။ | ဒေါက်တာမိုးမိုး | စစ်ကိုင်းမြို့ | ၅၀၀၀၀ |
| ၂၉၆၂။ | ဒေါ်စီစီသန်း | စစ်ကိုင်းမြို့ | ၅၀၀၀၀ |
| ၂၉၆၃။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်လှသန်း | တာချီလိတ်မြို့ | ၅၀၀၀၀ |
| ၂၉၆၄။ | ဦးကင်းစိန် | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၉၆၅။ | ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ အများစုပေါင်းကောင်းမှု | နေပြည်တော် | ၄၂၀၀၀ |
| ၂၉၆၆။ | ဦးရန်မျိုးအောင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်အေးမိသားစု | နေပြည်တော် | ၁၀၀၀၀ |
| ၂၉၆၇။ | ဦးတင်စိန်+ဒေါ်ဝင်းမြင့်ဦးမိသားစု | ပျဉ်းမနားမြို့ | ၁၀၀၀၀ |
| ၂၉၆၈။ | ဗိုလ်ကြီးသန်းထွန်းဦး(ငြိမ်း)နှင့်ဇနီး ဒေါ်တင်မူယာအေးမိသားစု (စိန်တောင်စကျင်ကနုတ်- ၁ ခုလှူဒါန်း) | နေပြည်တော် | ၇၀၀၀၀၀ |
| ၂၉၆၉။ | နှစ်ဖက်ဘိုးဘွားမိဘများအား အမှူးထား၍ ဦးအေးငြိမ်းဆွေ+ဒေါ်မြတ်နှင်းဖြူ(သား)မောင်စောထက်ထူးဆွေ (သမီး)မအိန္ဒြာငြိမ်းဆွေ Synpex Shwe Co.,Ltd. မိသားစု | နေပြည်တော် | ၂၉၀၀၀၀၀ |
| ၂၉၇၀။ | ဒေါ်သန်းသန်းနွဲ့ | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၂၉၇၁။ | ဗိုလ်ကြီးတင်မင်းဇော်(ငြိမ်း)နှင့် ဇနီး ဒေါ်နုနုအေး(သမီး)မသော်တာမင်းဇော်မိသားစု | ပြင်ဦးလွင်မြို့ | ၅၀၀၀၀၀ |
| ၂၉၇၂။ | တပ်မတော်ကိုယ်ခံပညာ နှင့်အားကစားသိပ္ပံမှ ကွယ်လွန်သူ ဒုအရာခံဗိုလ်ထွန်းမြင့်ဦးအားရည်စူး၍ ဇနီး ဒေါ်ထွေးထွေးဦး၊ (သား)မောင်ကျော်သူထွန်း ဖခင် ဦးရွှေကို၊ မိခင် ဒေါ်မီမီထွန်းကောင်းမှု | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၉၇၃။ | ဦးတင်မြင့်အားအမှူးထား၍ ဒေါ်နီနီဦး၊ ဦးမျိုးမင်းဦး၊ ဒေါ်စီစီဦးမိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၉၇၄။ | ဒေါ်အေးအေးအောင် မိသားစု | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၂၉၇၅။ | ကိုသန့်ဇော်ဝင်း(ခေတ္တဂျပန်)၏ မွေးနေ့အလှူ | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၉၇၆။ | ဦးဉာဏ်မြင့်+ဒေါ်သန်းသန်းဝေမိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၉၇၇။ | ဒုတိယအရာခံဗိုလ်မျိုးဝင်းလတ်+ ဒေါ်ခင်မျိုးဦး(သား)မောင်ကောင်းမြတ်ဝေ မိသားစုကောင်းမှု | နေပြည်တော် | ၅၀၀၀၀ |
| ၂၉၇၈။ | ဦးစိုးမင်းထွန်း+ဒေါ်နှင်းသဇင်အေး (သား)မောင်ဇာနည်မင်းထွန်းမိသားစု | မန္တလေးမြို့ | ၅၀၀၀၀ |
| ၂၉၇၉။ | ဦးအုန်းပိုင်+ဒေါ်မာမာအေးတို့အား အမှူးထား၍ ဒေါ်ရှယ်ရတနာဦး(ဒုတိယမြို့နယ်ဥပဒေအရာရှိ၊ အစမ်းခန့်)မိသားစု | နေပြည်တော် | ၅၀၀၀၀ |
| ၂၉၈၀။ | ကွယ်လွန်သူ ဒေါ်တင်လှ (၉)လပြည့်အားရည်စူး၍ ခင်ပွန်း ဦးမောင်မြင့်နှင့်သားသမီး၊ မြေးကောင်းမှု | နေပြည်တော် | ၁၀၀၀၀ |
| ၂၉၈၁။ | ဦးမြင့်ထွန်း+ဒေါ်စန္ဒာ (ကောင်းစံစားတော်ဆက်မိသားစု) (ကြွေပြား-၅ ကျင်းလှူဒါန်း) | ကျောက်ဆည်မြို့ | ၁၀၀၀၀၀၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်
## (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူး ကျား(၃၅) နေရာ၊ မ(၁၅)နေရာ၊ စုစုပေါင်း (၅၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း ဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မဟာဘွဲ့ရရှိသူများသည် ၃၁- ၈-၂၀၂၂ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်ရ။
မဟာဘွဲ့များတက်ရောက်ရန် အရည်အချင်းပြည့်မီသူများ (Hons/Q) ရရှိသူများသည် ၃၁-၈-၂၀၂၂ ရက်နေ့တွင် အသက်(၂၈) နှစ်ထက် မကျော်လွန်ရ။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

(စ) ရေကူးတတ်မြောက်ရမည်။

(ဆ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဇ) အောက်ပါဘာသာရပ်များဖြင့် မဟာဘွဲ့ရရှိသူများအပြင် မဟာဘွဲ့များ တက်ရောက်ရန် အရည်အချင်းပြည့်မီသူများ (Hons/Q) ရရှိသူများပါ လျှောက်ထားနိုင်သည်-

**စဉ် ဘွဲ့အမည်**

(၁) မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)]

(၂) နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ချီးမြှင့်သော မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ/ ထိုင်းဘာသာ/ ဂျပန်ဘာသာ/ တရုတ်ဘာသာ/ ရုရှားဘာသာ) [M.A(English, Thai, Japan, China, Russia)]

(၃) မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.A (IR)]

(၄) မဟာဥပဒေဘွဲ့ (LL.M)

(၅) ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့ (M.Com)/ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ (Eco)]/ စာရင်းအင်းပညာမဟာဘွဲ့[M.Econs.(Stats)]/ စာရင်းကိုင် ပညာမဟာဘွဲ့ (M.Act)/ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့(M.Dev.s)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ မဟာဘွဲ့(MBA)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA)/ လူဦးရေပညာ မဟာဘွဲ့(MPS)

(၆) စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့ [M.Agr.Sc (Agriculture Science)]

(၇) မဟာသိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့[ M.Sc (Environmental Science)]

(၈) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ [M.V.Sc. (Pathology)]/ [M.V.Sc. (Microbiology)]

(၉) မဟာအင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [M.E(Information Science and Technology)]

(၁၀) မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E (Information Technology)]

(၁၁) မဟာအင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ)[M.E(Computer Engineering)]

(၁၂) မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)၊ မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

(င) ပညာအရည်အချင်းအတွက် မဟာဘွဲ့လက်မှတ်မူရင်း/ မိတ္တူ (သို့မဟုတ်) မဟာတန်းတက်ရောက်ရန် အဆင့်မီကြောင်း သက်ဆိုင်ရာတက္ကသိုလ်၏ထောက်ခံချက်

(စ) (၂) လ အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ အရွယ် (၁.၂" x ၁.၄") ဓါတ်ပုံနှစ်ပုံ (ဓါတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/ မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ရေကူးစစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် လူတွေ့ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက်ရယူလိုပါက ၃-၁၀-၂၀၂၂ ရက်နေ့မှ ၇-၁၀-၂၀၂၂ ရက်နေ့အထိ အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန် သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| မြစ်ကြီးနား | ၀၇၄-၂၅၂၃၇၆၃ | ဗန်းမော် | ၀၇၄-၅၀၂၈၆ |
| လွိုင်ကော် | ၀၈၃-၂၂၂၁၁၇ | မြဝတီ | ၀၅၈-၅၀၀၂၄ |
| ဘားအံ | ၀၅၈-၂၁၈၀၈ | ဟားခါး | ၀၇၀-၂၁၈၀၉ |
| မော်လမြိုင် | ၀၅၇-၂၀၂၁၀၆၉ | ကျောက်ဖြူ | ၀၄၃-၄၆၀၉၈ |
| စစ်တွေ | ၀၄၃-၂၀၂၁၀၁ | မောင်တော | ၀၄၃-၅၅၀၂၁ |
| လားရှိုး | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | ၀၈၄-၂၁၀၀၂၈ |
| တာချီလိတ် | ၀၈၄-၅၁၀၀၅ | မိုင်းဆတ် | ၀၈၄-၆၀၁၇၃ |
| မုံရွာ | ၀၇၁-၂၁၁၆၁ | တမူး | ၀၇၃-၄၀၀၀၇ |
| မြိတ် | ၀၅၉-၄၁၀၀၂ | ထားဝယ် | ၀၅၉-၂၀၂၁၂၀၃ |
| ကော့သောင်း | ၀၅၉-၅၁၀၀၅ | ပဲခူး | ၀၂၅-၆၅၄၅၅ |
| မကွေး | ၀၆၃-၂၈၇၁၆ | မန္တလေး | ၀၂-၄၀၇၀၃၂၇ |
| ပုသိမ် | ၀၄၂-၂၁၀၀၈ | နေပြည်တော် | ၀၆၇-၃၄၁၀၀၆၀ |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၁၁-၁၀-၂၀၂၂ ရက်နေ့မှ ၁၄-၁၀-၂၀၂၂ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာ အထက်ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများတွင် အပိုဒ် (၄)ပါ စာရွက်စာတမ်း အထောက် အထားများနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည် ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ် တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်း နှင့်လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း) ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူး နေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံ သင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာ ဒေသ မရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၃။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်း ခံရမည်။

၁၄။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမား မှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ **အကောက်ခွန်ဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်
## (၁၃၈၄ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်း ကျပ် ၁၈,၀၀၀၀-၂၀၀၀-၁၉၀,၀၀၀) ရာထူး ကျား(၄၅)နေရာ၊မ(၂၅)နေရာ၊စုစုပေါင်း(၇၀)နေရာအတွက်လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၈-၂၀၂၂ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက်(၂၈)နှစ်ထက် မကျော်လွန်ရ၊ မဟာဘွဲ့ရရှိသူများသည်အသက် (၃၀) နှစ် ထက် မကျော်လွန်ရ။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

(စ) ရေကူးတတ်မြောက်ရမည်။

(ဆ) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဇ) အောက်ပါ ဘွဲ့/ မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

(၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[ B.A (English)] ၊ မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)]

(၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့ [B.A (EPP)]၊ လုပ်ငန်းသုံးအင်္ဂလိပ်စာမဟာဘွဲ့ [M.A (EPP)]

(၃) နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှချီးမြှင့်သောဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ ရုရှားဘာသာ/ဂျာမန်ဘာသာ) [B.A(English, Thai, Japan, Korea, China, French, Russia, German)]၊
မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/ တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ ဂျာမန်ဘာသာ) [M.A (English, Thai, Japan, Korea, China, French, Russia, German)]

(၄) ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [B.A(IR)]၊ မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာ ဆက်ဆံရေးပညာ) [M.A (IR)]

(၅) ဥပဒေဘွဲ့ (LL.B) ၊ မဟာဥပဒေဘွဲ့ (LL.M)

(၆) ဝါဏိဇ္ဇဗေဒပညာဘွဲ့(B.Com)၊ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့(M.Com)/ ဘောဂဗေဒပညာဘွဲ့[B.Econ(Eco)]၊ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ(Eco)]/ စာရင်းအင်းပညာဘွဲ့[B.Econs.(Stats)]၊ စာရင်းအင်းပညာမဟာဘွဲ့ [M.Econs.(Stats)]/ စာရင်းကိုင်ပညာဘွဲ့(B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act)/ ဖွံ့ဖြိုးတိုးတက်မှုပညာဘွဲ့(B.Dev.s)၊ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့ (M.Dev.s)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (BBA)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့(BPA)၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA)/ လူဦးရေပညာဘွဲ့(BPS)၊ လူဦးရေပညာမဟာဘွဲ့(MPS)

(၇) သိပ္ပံဘွဲ့ (ရူပဗေဒ) [B.Sc (Phys)] ၊ မဟာသိပ္ပံဘွဲ့ (ရူပဗေဒ) [M.Sc (Phys)]

(၈) သိပ္ပံဘွဲ့ (ဓါတုဗေဒ)[ B.Sc (Chem)] ၊ မဟာသိပ္ပံဘွဲ့ (ဓါတုဗေဒ) [M.Sc (Chem)]

(၉) သိပ္ပံဘွဲ့ (သင်္ချာ) [B.Sc (Maths)] ၊ မဟာသိပ္ပံဘွဲ့ (သင်္ချာ) [M.Sc (Maths)]

(၁၀) သိပ္ပံဘွဲ့(ရုက္ခဗေဒ) [B.Sc (Botany)] ၊ မဟာသိပ္ပံဘွဲ့ (ရုက္ခဗေဒ) [M.Sc (Botany)]

(၁၁) သိပ္ပံဘွဲ့(သတ္တဗေဒ) [B.Sc (Zoology)] ၊ မဟာသိပ္ပံဘွဲ့ (သတ္တဗေဒ) [M.Sc (Zoology)]

(၁၂) သိပ္ပံဘွဲ့ (ဘူမိဗေဒ)[ B.Sc (Geology)]၊ မဟာသိပ္ပံဘွဲ့ (ဘူမိဗေဒ) [M.Sc (Geology)]

(၁၃) သိပ္ပံဘွဲ့(ကုန်ထုတ်ဓါတုဗေဒ)[B.Sc(IC)]၊ မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓါတုဗေဒ) [M.Sc (IC)]

(၁၄) စိုက်ပျိုးရေးသိပ္ပံဘွဲ့ [B.Agr.Sc (Agriculture Science)]
စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့ [M.Agr.Sc (Agriculture Science)]

(၁၅) သိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့[B.Sc(Environmental Science)]
မဟာသိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့[M.Sc(Environmental Science)]

(၁၆) အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[B.E(Textile)]၊
မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့် အထည်) [M.E (Textile)]

(၁၇) အင်ဂျင်နီယာဘွဲ့ (စက်မှုအီလက်ထရောနစ်) [B.E (Mechatronic)]၊
မဟာအင်ဂျင်နီယာဘွဲ့ (စက်မှုအီလက်ထရောနစ်) [M.E (Mechatronic)]

(၁၈) အင်ဂျင်နီယာဘွဲ့(စက်မှုစွမ်းအား)[B.E(Mechnical)]၊
မဟာအင်ဂျင်နီယာဘွဲ့(စက်မှုစွမ်းအား) [M.E (Mechnical)]

(၁၉) အင်ဂျင်နီယာဘွဲ့ (မြို့ပြ) [B.E (Civil)]၊ မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) [M.E (Civil)]

(၂၀) အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့် နည်းပညာ) [B.E (Information Science and Technology)]၊
မဟာအင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [M.E (Information Science and Technology)]

(၂၁) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [B.E (Information Technology)]၊
မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E (Information Technology)]

(၂၂) အင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[B.E(Computer Engineerning)]၊
မဟာအင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ) [M.E(Computer Engineerning)]၊

(၂၃) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) ၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc) ၊
ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)၊ သိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ)[B.Sc(Computer Science)]၊
မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

(င) ပညာအရည်အချင်းအတွက် ဘွဲ့/ မဟာဘွဲ့လက်မှတ် မူရင်း/ မိတ္တူ

(စ) (၂) လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ဓါတ်ပုံ နှစ်ပုံ (ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/ မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ရေကူးစစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် လူတွေ့ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၃-၁၀-၂၀၂၂ ရက်နေ့မှ ၇-၁၀-၂၀၂၂ ရက်နေ့အထိ အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| မြစ်ကြီးနား | ၀၇၄-၂၅၂၃၇၆၃ | ဗန်းမော် | ၀၇၄-၅၀၂၈၆ |
| လွိုင်ကော် | ၀၈၃-၂၂၂၁၁၇ | မြဝတီ | ၀၅၈-၅၀၀၂၄ |
| ဘားအံ | ၀၅၈-၂၁၈၀၈ | ဟားခါး | ၀၇၀-၂၁၈၀၉ |
| မော်လမြိုင် | ၀၅၇-၂၀၂၁၀၆၉ | ကျောက်ဖြူ | ၀၄၃-၄၆၀၉၈ |
| စစ်တွေ | ၀၄၃-၂၀၂၁၀၁၉ | မောင်တော | ၀၄၃-၅၅၀၂၁ |
| လားရှိုး | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | ၀၈၄-၂၁၀၀၂၈ |
| တာချီလိတ် | ၀၈၄-၅၁၀၀၅ | မိုင်းဆတ် | ၀၈၄-၆၀၁၇၃ |
| မုံရွာ | ၀၇၁-၂၁၁၆၁ | တမူး | ၀၇၃-၄၀၀၀၇ |
| မြိတ် | ၀၅၉-၄၁၀၀၂ | ထားဝယ် | ၀၅၉-၂၀၂၁၂၀၃ |
| ကော့သောင်း | ၀၅၉-၅၁၀၀၅ | ပဲခူး | ၀၂၅-၆၅၄၅၅ |
| မကွေး | ၀၆၃-၂၈၇၁၆ | မန္တလေး | ၀၂-၄၀၇၀၃၂၇ |
| ပုသိမ် | ၀၄၂-၂၁၀၀၈ | နေပြည်တော် | ၀၆၇-၃၄၁၀၀၆၀ |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၁၇-၁၀-၂၀၂၂ ရက်နေ့မှ ၂၈-၁၀-၂၀၂၂ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာ အထက် ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများတွင် အပိုဒ်(၄)ပါ စာရွက်စာတမ်း အထောက် အထား များနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည် ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့် ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်းနှင့်လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန် သင်တန်းကျောင်း) ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန် ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။ အလုပ်သင်(၁)နှစ် ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှု ကျေနပ်ပါက ဒုတိယအကောက်ခွန်မှူး ရာထူးနေရာများတွင် ခန့်အပ်တာဝန် ပေးအပ်သွားမည် ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာ ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၃။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၄။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည် ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အကောက်ခွန် ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုအသိအမှတ်ပြုသင်တန်းအမှတ်စဉ်(၁)
## အတွက်သင်တန်းသားများခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၊ မိတ္ထီလာမြို့၌ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလတွင် ဖွင့်လှစ်မည့် လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှု အသိအမှတ်ပြုသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန် သင်တန်းသားများ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) အခြေခံပညာအထက်တန်းပြီးမြောက်ပြီး (သို့မဟုတ်) အစိုးရနည်းပညာ အထက်တန်းကျောင်း အောင်မြင်ပြီးသူဖြစ်ရမည်။

(ခ) သင်တန်းစတင် ဖွင့်လှစ်သည့် နေ့ရက်တွင် အသက် (၁၇)နှစ်ပြည့်ပြီး (၂၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံသား၊ အမျိုးသား အိမ်ထောင်မရှိသူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး လယ်ယာသုံးစက်ကိရိယာများကို စိတ်ပါဝင်စားသူ ဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်ခွင့်ရရှိရေးအတွက် သတ်မှတ်အရည်အချင်းများပြည့်မီမှု ရှိ/မရှိ စိစစ်ပြီး ပြည့်မီသူများအား လူတွေ့၊ နှုတ်မေး စစ်ဆေးခြင်းကို ဖြေဆိုရမည်ဖြစ်၍ အောင်မြင် သူများကို သင်တန်းတက်ရောက်ခွင့်ပြုပါမည်။

၄။ သင်တန်းကာလမှာ(၁)နှစ်ဖြစ်ပြီး နေထိုင်စရိတ်နှင့်သင်ကြားမှုစရိတ်ကို ဌာနမှ ကျခံပါမည်၊ လစဉ်စားသောက်စရိတ်နှင့် စာအုပ်စာတမ်းကြေးများကို သင်တန်းသားမှ ကျခံရပါမည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးဌာနမှူးရုံး၊ ခရိုင်ဦးစီးဌာနမှူးရုံး၊ မြို့နယ်ဦးစီးဌာနမှူး ရုံးများတွင် (၉-၈-၂၀၂၂) ရက်မှ စတင်ထုတ်ယူနိုင်ပြီး သင်တန်းတက်ရောက်ခွင့် လျှောက်လွှာ၊ ကတိဝန်ခံချက်၊ အခြေခံပညာအထက်တန်း ပြီးမြောက်ကြောင်း အထောက်အထား (သို့မဟုတ်) အစိုးရနည်းပညာ အထက်တန်းကျောင်း အောင်မြင်ကြောင်း အောင်လက်မှတ်တို့နှင့်အတူ (၃၀-၉-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ မိမိထုတ်ယူခဲ့သည့်ရုံးတွင် ဝင်ခွင့်လျှောက်လွှာ တင်သွင်းရမည်ဖြစ်သည်။

၆။ လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုအသိအမှတ်ပြု သင်တန်းတွင် ထူးချွန်စွာ အောင်မြင်သော အစိုးရနည်းပညာ အထက်တန်းကျောင်းမှ မော်တော်ယာဉ်နည်းပညာ သင်တန်းဘာသာရပ် (သို့မဟုတ်) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်း နည်းပညာသင်တန်း ဘာသာရပ်တို့ဖြင့် အောင်မြင်ပြီးသူများသည် အစိုးရနည်းပညာ ကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ဖွင့်လှစ်မည့် စက်မှုလယ်ယာနည်းပညာ ဘာသာရပ်သင်တန်း ပထမနှစ်တွင် တက်ရောက်ရန် အခွင့်အရေးရရှိမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကစက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ စီမံကိန်းဌာနခွဲဖုန်းအမှတ်၊၀၆၇-၃၄၃၁၂၄၆နှင့်စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၊ မိတ္ထီလာ မြို့၊ ဖုန်းအမှတ်၊၀၉-၄၅၈၁၄၉၄၇၁ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ စိုးရိပ်မွန်ဘော်ဒါ ဒသမတန်းမှ မောင်ကျော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ၇/နတလ(နိုင်)၁၁၆၇၁၀ ဖြစ်ပါကြောင်း။

**ဦးကြည်စိုး**

### ဖခင်အမည်မှန်

ပြည်မြို့နယ်၊ ဝက်ထီးကန်၊ ထက်ကောင်းကင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 (စနစ်ဟောင်း)မှ မမြနှင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးကိုကိုဝင်း ၇/ပမန(နိုင်)၁၅၂၀၂၄ ဖြစ်ပါကြောင်း။

**ဦးကိုကိုဝင်း**

### ဖခင်အမည်မှန်

ငွေဆောင်မြို့၊ သဇင် အထက(ခွဲ) ကျောင်း Grade-11မှ မောင်ပြည့်ဖြိုးအောင်နှင့် Grade- 8မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့်နိုင် ၁၁/မအန(နိုင်)၁၂၃၀၈၂ ဖြစ်ပါကြောင်း။

**ဦးမောင်မြင့်နိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မောက်လောက်ကျေးရွာအုပ်စု၊ မောက်လောက်ကျေးရွာနေ ဦးထွန်းရွှေ၏သားဖြစ်သူ မောင်ရာမင်းသိန်း(ခ)မောင်ရာဇာမင်းသိန်း ၉/မထလ(နိုင်)၂၄၆၈၂၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/2022 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းချမ်းအောင် ၅/ယမပ(နိုင်)၁၄၃၇၃၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၂၅၃၁၀၈၀**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးနိုင် ၅/ဒပယ (နိုင်)၁၁၄၅၆၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၅၇၇၈၈၃**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်နိုင်ဦး ၅/ဒပယ (နိုင်)၁၁၀၂၂၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၅၂၁၆၇၈**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်မင်း ၅/ ဒပယ(နိုင်)၁၄၇၃၃၆ ၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၈၉၅၃၂၆၀၉**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုမင်း ၅/ ဒပယ(နိုင်)၁၁၇၂၅၅ ၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၄၇၃၄၁၆**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4575 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန(ရွှေသာကြီး)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ရွှာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက် အမှတ်(၁၅၁၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိဒေါ်သီတာထွန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၁/၂၀၂၁ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နေရီလင်း ၁၂/ပဇတ(နိုင်) ၀၂၇၆၂၉ မှမြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်သီရိသူ ၆/မအရ(နိုင်)၀၉၉၂၇၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်းအမှတ်(AA/မြနန္ဒာ)၊ ဦးပိုင်အမှတ် (၉၉၊ ၁၀၀၊ ၁၀၁)မြေဧရိယာ (၀ ဒသမ ၁၆၅) ဧကရှိ ဒေါ်ငွေသိန်း အမည်ပေါက်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်အမှတ်(၄၆/၂၀၂၁)၊ စွန့်လွှတ်စာချုပ်အမှတ် (၀၂၇/၂၀၂၂)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး၊ အဆိုပါမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအေးဇင် ၉/မရမ(နိုင်)၀၆၉၃၉၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် UE/၂၊ ဗိုလ်ဗစိုး(၃)လမ်း၊ မြေကွက်အမှတ်(၃၉၀)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀'x၆၀')ရှိ ဦးဝင်းထိန်(KPU-၀၆၈၁၅၂) အမည်ပေါက်ပါမစ်မြေ အမျိုးအစား မြေကွက်ကြီးအနက်မှတရားဝင် မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း)အကျယ်အဝန်း (၂၅'x၆၀')ပေရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူလက်ရောက် ရရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုးခိုင် ၁၂/တတန(နိုင်)၁၈၆၀၉၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အဆိုပါအိမ်/မြေတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အိမ်/မြေအရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်မှု မရှိပါက အထက်ပါအိမ်/မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညွန့်ညွန့်သန်း(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၉)**
**အမှတ်၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၀၁၅၂၆၈၈၀၊ ၀၉-၂၆၀၉၈၃၃၃၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်ရှေ့ရပ်ကွက်၊ အမှတ် ၁၀၂ သုခမလမ်း (မြေညီထပ်+ထပ်ခိုးအပါ)တိုက်ခန်းအား ပိုင်ဆိုင်သူ မနေခြည်လင်း ၁၂/ဗဟန(နိုင်)၁၀၄၅၀၀ ထံမှ ကျွန်မ ဒေါ်သန်းသန်းအေး ၁၂/ဗဟန(နိုင်)၀၄၀၉၃၁ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးအပ်ပြီးဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

**ဒေါ်သန်းသန်းအေး**
